*ဝါဒစာ ၆း၁၄)*

ပင်လယ်အောက်ကျောက်တုံးကြီး၌ရိုက်ခတ်ထားသည့်ခိုင်ခန့်သောကျောက်ဆူးနှင့်မြဲမြန်စွာချိတ်ဆက်ထားသောသင်္ဘောသည်မှောင်မိုက်သောည၊ဒေါသူပုန်ထနေသောပင်လယ်လှိုင်းတံပိုးပေါ် လူးလိမ့်ခံနေရသော်လည်းအန္တရာယ်များကင်းလွတ်ပြီးလုံခြုံမှုရှိသကဲ့သို့ဘုရားသခင်၏ဂတိတော်များကိုယုံကြည်သောလူယောက်ျားနှင့်မိန်းမတို့သည်လည်းထိုကဲ့သို့ပင်လုံခြုံမှု၊စိတ်ချမှုများရှိနေပါသည်။

**၊ ဤမျှော်လင့်ချက်ကိုသင့်ကိုယ်ပိုင်အရာအဖြစ်သင်ထားရှိလိုပါသလား?**

*- David M. Pearce*

**Christadelphians Bible Missions of Myanmar**

*အမှတ်(၇၀)စကားဝါလမ်း၊(က)-ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။*

*ဖုန်း – ၇၃၀၅၆၀၂၁ – ၀၉၅၁–၆၆၃၃၇*

*E-mail: ivan.edwards2009@gmail.com - ivan@mail4u.com.mm*



# ဘုရားသခင်၏ဂတိတော်များ၌သင်၏ဝေစု

## ကမ္ဘာသရေလတို့၏မြော်လင့်ခြင်းဆိုင်ရာသမ္မာကျမ်းစာသွန်သင်ချက်

**ကျွန်**တော်တို့သည် **“မြော်လင့်ခြင်း”** ဟူသောစကားရပ်ကိုနေ့စဉ်ပြောဆိုမှုတို့ ၌ပါဝင်ပတ်သက်လျက်ရှိနေကြပါသည်။ ကျွန်တော်တို့ပြောဆိုမှုများတွင်၊ ***“သင်ဆက်ဆက်နေကောင်းသွားလိမ့်မည်ဟုကျွန်တော်မြော်လင့်မိပါသည်။–ဒီနှစ်မှာတော့ကျွန်တော်တို့ပြည်ပခရီးသွားဖို့ရန်ကိုမြော်လင့်မိပါသည်။*** အစရှိသည့်မြော်လင့်ချက်သမ်းသောအရိပ်အမြွက်များကိုပြောဆိုလေ့ရှိနေကြသည်ကိုကြားသိနေကြရပါသည်။

ကျွန်တော်တို့ပြောဆိုနေကြသောထိုဝေါဟာရ၏ အဓိပ္ပါယ်မှာ၊ ကျွန်တော်တို့အလွန့်အလွန်ဖြစ်စေခြင်သောအရာများ၊ဂရုတစိုက်ဖြင့်အကောင်းမြင်တတ်သောခံစားချက်မျိုးနှင့်အနာဂါတ်တွင်ဖြစ်ပေါ် မည့်အရာများကိုရည်ညွှန်းပြောဆိုကြခြင်းပင်ဖြစ်သည်။ မြော်လင့်ခြင်းမရှိသောအသက်တာသည်ခက်ထန်တင်းမာသောအသက်တာမျိုးဖြစ်ပါသည်။ ဆိုးဝါးသောအခြေအနေမျိုးဖြစ်စေခါမူ၊လူတို့သည်မျှော်လင့်ချက်ရောင်ခြည်သန်းသည့်ဘက်ကိုသာကြည့်ရှုတတ်ကြပါသည်။

မြော်လင့်ခြင်းသည်လူသားတို့အားသာမန်ထက်လွန်ကဲသောစိတ်ကြီးခြင်းကိုပေးစွမ်းနိုင်သည်မှာ၊မကြာခဏသေခြင်းနှင့်ရင်ဆိုင်တိုက်ခိုက်နေကြရရှာသောပိတ်မိနေကြသည့်မိုင်းတွင်းလုပ်သားများနှင့်ရေပြင်တွင်မျောပါနေကြသောရေလုပ်သားများအစရှိသူတို့သည်၊မိမိတို့အားအချိန်မီကယ်ဆယ်မစမည့်သူများရောက်ရှိလာကြလိမ့်မည်ဟုခိုင်မြဲ

စွာမြော်လင့်လျက်ရှိကြပါလိမ့်မည်။ တစ်ခါတစ်ရံတွင်လည်း၊ထိုမြော်လင့်ချက်သည်ပြီးပြည့်စုံမှုမရှိသည်ကိုဝမ်းနည်းဖွယ်ရာတွေ့ကြုံတတ်ကြရပါသည်။ တစ်ခါတစ်ရံတွင်ပြိုကျသွားသောမိုင်းတွင်းမှလွန်စွာနက်ရှိုင်း၍လှိုဏ်ဂူတွင်ကြီးမားသောကျောက်တုံးဖြင့်ပိတ်မိနေ၍သော်၎င်း၊ သင်္ဘောသည်ရေနက်အတွင်းသို့နစ်မြုပ်သွားသည်ကိုတစ်စုံတစ်ယောက်မျှမသိရှိခြင်းတို့ကြောင့်၎င်း၊ထိုအချိန်တွင်၊ထိုသူတို့၌တွယ်ကပ်နေသောမြော်လင့်ခြင်းတည်းဟူသောအခွင့်အရေးကြီးမှာမတည်ရှိတော့ဘဲပျောက်ကွယ်သွားရလေတော့သည်။

**အခြေခံသောတရားနှင့်အတူရှိသောမြော်လင့်ခြင်း။**

မြော်လင့်ခြင်းတည်းဟူသောဝေါဟာရမှာ၊သမ္မာကျမ်းစာတွင်မကြာခဏဆိုသလိုပေါ်ပေါက်လျက်ရှိပြီး၊ဆွေးနွေးရန်အကြောင်းအရာတစ်ခုအဖြစ်ရှိနေပါသည်။ ဓမ္မဟောင်းကျမ်းနှင့်ဓမ္မသစ်ကျမ်းစာနှစ်အုပ်စလုံးတွင်ရေးသားပြုစုခဲ့ကြသူများသည်အကောင်းမြင်ဝါဒရှိကြသူများဖြစ်ကြပါသည်။

ထိုသူတို့သည်၊ကြောက်မက်ဖွယ်ရာကောင်းခြင်းနှင့်ဖြောင့်မတ်ခြင်းမရှိသောၤလောကကိုကြည့်ရှုနေကြလျှင်ဒုက္ခဝေဒနာများသည်မကြာခဏအပြစ်မဲ့သူတို့အပေါ်ကျရောက်လျက်ရှိနေပြီးဆိုးသွမ်းသူများမှာပျော်ရွှင်စွာအောင်ပွဲခံနေကြပါသည်။ သို့သော်လည်း၊တစ်နေ့တွင်ဖန်ဆင်းရှင်ဖြစ်တော်မူသောဘုရားသခင်သည်အလုံးစုံသောအရာများကိုအမှန်ဖြစ်အောင်ပြုစေတော်မူလိမ့်မည်ဟူသောအလွန်ကြီးမြတ်သောယုံကြည်ချက်တစ်ခုရှိနေပါသည်။



သက်သောစာကိုတမန်တော်မှအဘယ်ကဲ့သို့ဟေဗြဲဩဝါဒစာတွင်ထည့်သွင်းဖေါ်ပြထားရှိခဲ့သည်မှာ၊–

***"ဘုရားသခင်သည်အာဗြဟံ၌ဂတိထားတော်မူသောအခါ၊.........ငါသည်သင့်အားအစဉ်အမြဲကောင်းကြီးပေးမည်။ သင့်ကိုအစဉ်အမြဲပွါးများစေမည်ဟုကျိန်ဆိုတော်မူ၏" (ဟေဗြဲဩဝါဒစာ ၆း၁၃–၁၄)***

**ကျောက်ဆူးကဲ့သို့မြဲမြံခိုင်ခံ့ခြင်း၊**

***"အကြောင်းမူကား၊ဘုရားသခင်သည်မုသာမသုံးနိုင်သောအရာတည်းဟူသောမဖောက်ပြန်မပြောင်းလဲနိုင်သောအရာနှစ်ပါးကိုအမှီပြု၍၊ကိုယ်ရှေ့၌ထားသောမြော်လင့်ရာကိုခိုင်လှုံခြင်းငှါပြေးသောငါတို့သည်သက်သာအားကြီးကြမည်အကြောင်းတည်း။" (ဟေဗြဲဩဝါဒစာ ၆း၁၈)***

**မပြောင်းလဲနိုင်သောအရာနှစ်ပါး၊**

ယင်းသည်ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သောကြောင့်၊ ကျွန်တော်တို့အဖို့လုံလောက်ပါသည်။ ပိုမိုသေချာစေဖို့ရန်၊ဘုရားသခင်သည်ကျွန်တော်တို့အတွက်ကျိန်ဆိုတော်မူချက်ပင်ဖြစ်သည်။ ထိုဂတိတော်များအမှန်တကယ်ရောက်ရှိလာမည်ကိုကျွန်တော်တို့မှယုံမှားဖွယ်ရာသံသယရှိရန်မလိုပါ။

***"ထိုမြော်လင့်ခြင်းမူကား၊..........မြဲမြံခိုင်ခံ့သောစိတ်နှလုံး၏ကျောက်ဆူးကဲ့သို့ငါတို့၌ရှိသတည်း။" (ဟေဗြဲဩ***

ရိုးစင်သောအဖြေတစ်ခုရှိနေပါသည်။ ဣသရေလ(အစ္စရေး)နိုင်ငံကိုကြည့်ပါ။ ရာစုနှစ်များစွာတို့တွင်ထိုအမျိုးသားတို့သည်ကမ္ဘာ့အနှံ့ပျံ့နှံ့ခဲ့ကြသော်လည်းထိုသူတို့မှာပျောက်ပျက်ခြင်းတစ်စုံတစ်ရာမရှိခဲ့ကြပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်ဂတိတော်ကိုဘုရားသခင်သည်စောင့်ထိန်းတော်မူခဲ့လျှင်ထိုသူတို့အမျိုးမပြုန်းတီးနိုင်ပါ။ ကျွန်တော်တို့၏ယခုမျိုးဆက်တွင်ထိုသူတို့သည်မိမိတို့၏ဒေသသို့ပြန်လည်သွားရောက်မှုကိုစတင်ခဲ့ကြလေသည်။ ခရစ်နှစ် ၁၉၆၇ ခုနှစ်တွင်ထိုသူတို့၏ရှေးဟောင်းမြို့တော်ဖြစ်သောယေရုရှလင်မြို့ တော်ကိုပြန်လည်ရရှိခဲ့ကြသည်။ ယခုအချိန်တွင်ရန်သူဟောင်းသည်ထပ်မံ၍ဆန့်ကျင်ရန်စုဝေးခဲ့ကြလေသည်။ ထိုမြင်ကွင်းမှာ၊ကယ်တင်မစမည့်သူသည်မိမိ၏ရာဇပလ္လင်ကိုအတည်တကျဖြစ်စေပြီး၊ဘုရားသခင်အတွက်သူရွေးချယ်ထားတော်မူသောဘုရင်ကိုသူ၏သန့်ရှင်းသောဇိအုန်တောင်ပေါ် တွင်အုပ်ချုပ်စေရန်စီမံတော်မူပါလိမ့်မည်။ ထိုနိမိတ်လက္ခဏာများသည်ကျွန်တော်တို့၏ယုံကြည်ခြင်းခိုင်မာဖို့ရန်ပြသသောအရာများပင်ဖြစ်သည်။ ထောင်သောင်းနှင့်ချီသောမျိုးဆက်များအဖို့ပဋိညာဉ်များကိုစောင့်ရှောက်တော်မူသောဘုရားသခင်သည်သူ၏စွမ်းပကားကိုတဖန်ပြတော်မူလျှက်ရှိပါသည်။

ဤနှစ်လိုဖွယ်ရာကောင်းသောစာပိုဒ်ကိုကျွန်တော်တို့မှအဆုံးသတ်လိုသည်မှာ၊ကျွန်တော်တို့နှစ်ပေါင်းမြောက်များစွာကပင်၊စဉ်းစားဆင်ခြင်ခဲ့ကြသောဣသရေလတို့၏ကြီးမြတ်သောမျှော်လင့်ခြင်းပင်ဖြစ်သည်။ ကျွန်တော်တို့ပြောဆိုခဲ့ကြသောအသက်တာမုန်တိုင်းကိုကျွန်တော်တို့မှရင်ဆိုင်တွေ့ကြုံကြရသောအခါယင်းမျှော်လင့်ခြင်းမှကျွန်တော်တို့အားနှစ်သိမ့်မှု့ကိုပေးခြင်း၊ဦးတည်ရာလမ်းကြောင်း(ထွက်ပေါက်)ကိုပြခြင်းနှင့်ရဲရင့်ခြင်းတို့ကိုရရှိနိုင်မည်ဖြစ်ပါသည်။ ဤအရာနှင့်ပတ်



ထိုအရာတစ်ခုတင်မကပါ။ ထိုသူတို့နားလည်သဘောပေါက်ဟန်ရှိသည်မှာ၊ထိုသူတို့သည်တနေ့နေ့တွင်ရောက်ရှိလာမည့်တိုးတက်ကောင်းမွန်လာစေမှုအစိတ်အပိုင်းအချို့ကိုရရှိမည်ဟူသောယုံကြည်ချက်ပင်ဖြစ်သည်။

***‘‘အိုဘုရားသခင်၊ကိုယ်တော်နှင့်အဘယ်သူတူပါသနည်း။ ကြီးမားကြမ်းတမ်းသောဘေးများကိုအကျွန်ုပ်အားပြတော်မူပြီး။ တဖန်အသက်ကိုချမ်းသာပေး၍၊မြေကြီးနက်နဲရာထဲကတဖန်ထမြောက်စေတော်မူမည်။. . . သို့ဖြစ်၍၊အကျွန်ုပ်၏ဘုရားသခင်၊ကိုယ်တော်နှင့်သစ္စာတော်ကိုတယောထိုး၍ချီးမွမ်းပါမည်။ ဣသရေလအမျိုး၏သန့်ရှင်းတော်မူသောဘုရား၊ ရှေ့တော်၌စောင်းတီး၍သီချင်းဆိုပါမည်။ ရှေ့တော်၌သီချင်းဆိုသောအခါ၊ရွှင်လန်းသောနှုတ်ရှိပါလိမ့်မည်။ ရွေးတော်မူသောအကျွန်ုပ်၏ဝိညာဉ်လည်းရွှင်လန်းပါလိမ့်မည်။(ဆာလံကျမ်း ၇၁း၁၉–၂၃)***

အနာဂတ်ကာလ၌ထိုသူ၏ယုံကြည်ခြင်းနှင့်ပတ်သက်၍ယုံမှားဖွယ်ရာသံသယရှိလိမ့်မည်မဟုတ်ပါ။ တမန်တော်ရှင်ပေါလုကလည်း၊တိမောသေသို့ရေးသားပေးပို့သောစာ၌ဖေါ်ပြထားရှိသည်မှာ၊–

***“အကြောင်းမူကား၊ငါ့ကိုယဇ်ပေါ်မှာလောင်းရသောအချိန်ရှိပြီ။ စုတေ့ရသောအချိန်ရောက်လေပြီ။ ကောင်းစွာသောတိုက်လှန်ခြင်းကိုငါပြုပြီ။ ပြေးရသောလမ်းကိုအဆုံးတိုင်အောင်ပြေးပြီ။ ယုံကြည်ခြင်းတရားကိုစောင့်ရှောက်ပြီ။”***

သူသည်အဘယ်မျှလောက်သေချာသည်ကိုတွေ့ရှိရပြီး၊ဆက်လက်ရေးသားထားသည်မှာ၊–

***"ယခုမှစ၍ခမ္မသရဖူသည်ငါ့အဘို့သိုထားလျက်ရှိ၏။ ထိုနေ့ရက်၌တရားသဖြင့်စီရင်သောသူတည်းဟူသောသခင်ဘုရားသည်ထိုသရဖူကိုငါ၌အပ်ပေးတော်မူမည်။ ထိုမျှမက၊ပေါ်ထွန်းတော်မူခြင်းကိုတောင့်တသောသူအပေါင်းတို့၌လည်းအပ်ပေးတော်မူမည်။" (တိမောသေဩဝါဒစာဒုတိယစောင် ၄း၆–၈)***

ဤနောက်ဆုံးစာပိုဒ်သည်အထူးသဖြင့်စိတ်ဝင်စားဖို့ရန်ကောင်းလှပါသည်။ အဘယ်ကြောင့်ဆိုသော်ဤစာကိုအကျဉ်းထောင်အတွင်းမှရေးသားပေးပို့ခဲ့သောစာဖြစ်သောကြောင့်ပင်။ ရောမအင်ပါယာသည်ခရစ်ယာန်များကိုဆန့်ကျင်တိုက်ခိုက်လာခဲ့ကြပြီး၊အသက်အရွယ်အားဖြင့်ကြီးရင့်ပြီးဖြစ်သောတမန်တော်သည်သူ၏ အသက်တာ၌ရုံးတင်စစ်ဆေးခြင်းကိုခံခဲ့ရလေသည်။ ရှင်ပေါလုအားပထမတရားရုံးမှကြားနာစစ်ဆေးပြီးသည့်နောက်တွင်ဒုတိယတရားရုံးမှစစ်ဆေးခြင်းကိုစောင့်မျှော်နေသောအချိန်ဖြစ်သည်။ သူသည်အကျဉ်းချခံထားရသောရလာဒ်ကိုသိရက်နှင့်ပင်အေးစက်မာကြောသောအကျဉ်းထောင်မှနေ၍လူငယ်တိမောသေအားစာရေးသားပေးပို့ခဲ့ခြင်းဖြစ်သည်။ ရှင်ပေါလုသည်သေရတော့မည်ဖြစ်ရာဤမထင်ရှားသောအာဃာတ၏ အလားအလာအတွင်း၌ပြည့်ဝသောမြော်လင့်ချက်ရှိနေလေသည်။

မိုင်းလုပ်သားများပိတ်မိနေခြင်း(သို့မဟုတ်)နစ်မြုပ်သွားသောသင်္ဘောပျက်မှသင်္ဘောသားများ၏ ခံစားချက်နှင့်မည်သို့မှတူညီမှုမ



***တရားဖြစ်၏ဟုလာသတည်း။" (ရောမဩဝါဒစာ ၁၁း၂၅၊၂၆)***

အထက်ပါကျမ်းပိုဒ်ကိုကျွန်တော်တို့မှ ***"ယေရမိအနာဂတ္တိကျမ်း ၃၃"*** တွင်ဖတ်ရှုနိုင်ကြပါသည်။

***"သူတို့အပြစ်များကိုငါပယ်ရှင်းသောအခါ၊...."(ရောမဩဝါဒစာ ၁၁း၂၄–၂၇)***

မှတ်သားဖို့ရန်မှာ၊ထိုအချိန်ကာလတွင်မြောက်များစွာသောတစ်ပါးအမျိုးသားတို့သည်ခရစ်တော်၌ယုံကြည်ကြပြီးခရစ်ယာန်သာသနာသို့ဝင်ရောက်ခဲ့ကြလေသည်။ ယခုထိတိုင်အောင်ဝင်ရောက်ခြင်းမှာမပြီးဆုံးသေးသော်လည်း၊ဘုရားသခင်သည်သူ၏ မိသားစုဝင်များဖြစ်လာစေဖို့ရန်ယနေ့တိုင်ခေါ် ဖိတ်လျက်ရှိနေပါသည်။ သို့သော်၊နေ့တစ်နေ့သည်ဆက်အလွန့်အလွန်နီးကပ်လာပြီဆိုပါစို့။ ဖွင့်ထားသောတံခါးသည်အမှန်တကယ်ပင်ပိတ်ပါတော့မည်။ ကျွန်တော်တို့၏ အရှင်သခင်ဖြစ်သောယေရှုခရစ်တော်သည်ဤလောကတွင်လူမျိုးအပေါင်းတို့ကိုတန်ခိုးတော်ဖြင့်အုပ်စိုးတော်မူလိမ့်မည်ဖြစ်ပြီး၊ဘုရားသခင်၏ ပညတ်တော်များကိုစက်ဆုပ်သူတို့ကိုအပြစ်စီရင်ခြင်းဆီသို့ပို့ဆောင်ပေးတော်မူပါလိမ့်မည်။

## ဘုရားသခင်သည်သူ၏ဂတိတော်များကိုမမေ့လျော့ကြောင်းကိုပြသသောနိမိတ်လက္ခဏာများ၊

**(၁) သခင်ယေရှုသည်အလွန်မကြာမှီကာလတွင်ပြန်လည်ကြွရောက်လာတော့မည်ဆိုခြင်းကိုကျွန်တော်တို့မည်သို့သိရှိနိုင်ကြမည်နည်း?**

***ကြောင်းတည်းဟူသောနက်နဲသောအရာကိုမသိဘဲနေစေခြင်း ငါငါအလိုမရှိ" (ရောမဩဝါဒစာ ၁၁း၂၅)***

သူသည်နှစ်ကြိမ်တိတိကြွရောက်လာမှုနှင့်ပတ်သက်၍ရှည်လျားသည့်ကွာဟချက်ကိုရှင်းလင်းရာတွင် ***"ဣသရေလတို့မှစိတ်ခက်ထန်မာကျောမှုများရှိနေခြင်း"*** ကိုပြောဆိုခြင်းဖြစ်သည်။ သူ၏ဆိုလိုရင်းမှာ၊တမန်တော်များသယ်ဆောင်ခဲ့သောသခင်ယေရှု၏ သတင်းကောင်းကိုလက်ခံကြသူဣသရေလလူနည်းစုသာရှိပြီးကျန်ရှိနေသောသူတို့၏ နှလုံးသားများမှာမာကျော်မှုကြောင့်ဘုရားသခင်နိုင်ငံတော်၏ကောင်းသောမျိုးစေ့ကြီးထွားဖို့ရန်လွန်စွာခက်ခဲကြောင်းပြောဆိုခြင်းပင်ဖြစ်သည်။ သို့သော်၊ဣသရေလတို့၏ နှလုံးသားသည်အစဉ်အမြဲမာကျော်လိမ့်မည်မဟုတ်ပါ။ သူသည်ဆက်လက်၍၊–

***"တပါးအမျိုးသားအပေါင်းတို့သည်မဝင်မီတိုင်အောင်၊....ထိုသို့ကျမ်းစာနှင့်အညီ၊ဣသရေလလူအပေါင်းတို့သည်ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်။***

ထို့အပြင်သူသည်ဟေရှာယအနာဂတ္တိစကားကိုမေရှိယသခင်နှင့်စပ်လျဉ်းသောကျမ်းပိုဒ်ကိုလည်းရည်ညွှန်းပြောဆိုထားရှိသည်မှာ၊–

***"ကျမ်းစာချက်ဟူမူကား၊ကယ်လွှတ်သောသခင်သည်ဇိအုန်တောင်၌ပေါ်ထွန်း၍၊မတရားသောအမှုကိုယာကုပ်အမျိုးသားတို့မှလွှဲတော်မူလတံ့။ သူတို့အပြစ်များကိုငါပယ်ရှင်းသောအခါ၊သူတို့၌ငါ ပေးသောပဋိညာဉ်တရားသည်ထိုသို့သော***



ရှိဘဲသူသည်သေးငယ်သောအခွင့်အရေးကိုမျှပင်မည်သည့်နည်းနှင့်မျှရယူမှုမရှိခြင်း(သို့မဟုတ်)မိမိအသက်ရှင်နေထိုင်ရေးအတွက်လိုအပ်သောတစ်စုံတစ်ခုသောသက်သေခံအထောက်အထားများကိုတင်ပြခြင်း(သို့မဟုတ်)အသိမိတ်ဆွေသက်သေများ(သို့မဟုတ်)စွဲချက်လွှတ်ကင်းအောင်တစ်စုံတစ်ရာကိုမျှမပြုလုပ်ခဲ့ပါ။

သူ၏မျှော်လင့်ခြင်းမှာမူ၊သူသည်သေမည်မှာသေချာစွာသဘောပေါက်ခြင်းပင်ဖြစ်သည်။ သူသေဆုံးပြီးသည့်နောက်တွင်ကောင်းကင်ဘုံစံအဘ၊ဘုရားသခင်သည်သူ့အားသစ်လွင်၍ကောင်းမွန်သောအသက်တာသို့နောက်ဆုံးသောနေ့ရက်ကာလတွင်ပြန်လည်သယ်ဆောင်ပေးမည်ဖြစ်ကြောင်းသံသယရှိရန်မလိုသောချင်းချက်ဖြင့်မျှော်လင့်သောမျှော်လင့်ခြင်းပင်ဖြစ်သည်။

**အကြွင်းမဲ့သက်ဝင်နားလည်မှု။**

သမ္မာကျမ်းစာကိုရေးသားပြုစုကြသောသူများ၏မျှော်လင့်ချက်သည်သတိဝိရိယနှင့်ပြည့်စုံသောအကောင်းမြင်ဝါဒီတို့ထက်သာလွန်သည်မှာရှင်းလင်းလှပါသည်။ ထိုသူတို့တွင်အနာဂါတ်၌ဖြစ်ပေါ် လာတော့မည့်အရာများနှင့်ပတ်သက်၍တိကျသောအကြံအစည်များရှိခဲ့ကြရာ၊ဖြစ်လာမည့်အရာများကိုအမှန်တကယ်ကြည့်မျှော်ခဲ့ကြလေသည်။ အထူးသဖြင့်၊သင်တို့၏ အသက်တာ၌နာကျဉ်မှုနှင့်ဝမ်းနည်းဖွယ်ရာကောင်းသောအရာများသင်တို့၌တွေ့ကြုံခဲ့သည်ရှိသော်၊သင်တို့သည်တမန်တော်ရှင်ပေါလု၏ သက်ဝင်နားလည်မှုကိုသင်တို့မှအားတက်သောစိတ်ရှိကောင်းရှိကြပါလိမ့်မည်။ သချိုင်းဂူ၏ နောက်ကွယ်၌သေချာသောမျှော်လင့်ချက်တစ်ခုရှိသည်ကိုအတိတ်ကာလ၌သင်တို့တွင်ယုံမှားဖွယ်ရာ

သံသယရှိကောင်းရှိကြပါလိမ့်မည်။

သင်သေဆုံးပြီးသည့်နောက်သင်တို့၏ သား၊သမီး၊မြေး၊မြစ်များသည်မည်သည့်အရာကိုအမွေဆက်ခံကြပြီး၊အဘယ်ကဲ့သို့သောလောကမျိုးရောက်ရှိလာမည်ဆိုသည်ကိုသင်တို့သည်လည်းအံ့ဩကောင်းအံ့ဩမိကြပါလိမ့်မည်။ နှလုံးသားထဲ၌မှတ်သားထားစေလိုသည်မှာ၊သမ္မာကျမ်းစာသည်ဤလောကနှင့်သင်တို့အဖို့အနာဂတ်အတွက်အဓိကသော့ချက်ပင်ဖြစ်သည်။ ယင်းမှာ၊ရည်ရွယ်ချက်တစ်ခုကိုဘုရားသခင်သည်အစအဦးမှပြုလုပ်တော်မူခဲ့သောဂတိတော်များအပေါ် အခြေခံထားတော်မူပြီး၊ဆီလျော်စွာဆောင်ရွက်ခဲ့ခြင်းဖြစ်လေသည်။ အကြမ်းအားဖြင့်၊ဣသရေလအမျိုး၌လေးစားကြည်ညိုခြင်းကိုခံရသောအာဗြဟံမှအစပရောဖက်များမှတစ်ဆင့်ဓမ္မသစ်ကျမ်းစာရေးသားချက်များထိကျယ်ပျံ့လာပြီးဖြစ်၍အလွန်ရှင်းလင်းပြတ်သားခြင်းနှင့်ကျိုးကြောင်းဆီလျော်မှုရှိနေခြင်းတို့မှာအလွန်လွယ်ကူနားလည်စေနိုင်ပါသည်။ ယင်းသည်၊သင့်အားယုံကြည်စိတ်ချမှုတစ်ရပ်ကိုပေးနိုင်ပြီး၊ထိုအရာသည်ခံစားနေရသောဆင်းရဲဒုက္ခ၏မှောင်မိုက်ခြင်းအားဖြတ်ကျော်နိုင်စေသည်။ ဘုရားသခင်သည်သင်၏ယုံကြည်ခြင်းကိုသန်မာစေအောင်ပံ့ပိုးပေးဖို့ရန်သက်သေအထောက်အထားများဖြင့်ပံ့ပိုးမှုများရှိနေပါသည်။ မိုက်မဲမှု၊မာန်မာနတို့သာလျှင်သင်၏မျက်လုံးများကိုကန်းစေခြင်းကြောင့်မမြင်နိုင်ခဲ့ပါ။ အလုံးစုံသောအရာများကိုမည်ကဲ့သို့ဒွန်တွဲထားရှိသည်ဆိုသည်ကိုသမ္မာကျမ်းစာအားဆက်လက်ဖတ်ရှုစေလိုပါသည်။



တက်ကြွစရာခံစားချက်များဖြစ်သည်ဆိုသည်ကိုစဉ်းစားကြည့်စေခြင်ပါသည်။ ဘုရားသခင်သည်သူ၏လူများအတွက်ပြုလုပ်မည့်ဂတိတော်သစ်သည်ကျွန်တော်တို့အားမိတ်ဆက်ပေးနေသကဲ့သို့ဖြစ်နေပါသည်။

ဘုရားသခင်၏ပညတ်တော်သည်ကျွန်တော်တို့၏နှလုံးသားထဲတွင်ရေးသားထားတော်မူပြီး၊ကျွန်တော်တို့၌ရှိခဲ့သောဒုစရိုက်အပြစ်အလုံးစုံတို့မှာသန့်စင်ခဲ့ရပြီး၊ဤမြေပေါ် တွင်စစ်မက်ဖြစ်ပွားခြင်းနှင့်အစာရေစာခေါင်းပါးခြင်း၊ဒုစရိုက်အပြစ်နှင့်ဝမ်းနဲပူဆွေးသောကရောက်ခြင်းစသည့်တို့ဖြစ်ပွားနေမှုများကိုအစဉ်အမြဲနှင်ထုတ်တော်မူပြီးသည့်ကာလ၌ကျွန်တော်တို့သည်နေရာတစ်နေရာတွင်စာရင်းဝင်လျှက်ရှိနေကြပါသည်။

ရှင်ပေါလုမှ ***“ရောမဩဝါဒစာ ၁၁”*** တွင်နောက်ထပ်တစ်မျိုးရေးသားထားချက်မှာ၊ ***“ကျွန်တော်တို့တစ်ပါးအမျိုးသားယုံကြည်သူတို့သည်သံလွင်ပင်အရိုင်း၏သစ်ခက်များကဲ့သို့ဖြစ်ပြီး၊ဘုရားသခင်တည်းဟူသောဥယျာဉ်မှူးသည်ထိုအပင်ရိုင်းကိုဆွဲနှုတ်ဖယ်ရှားပြီး၊ဣသရေလတို့၏ပြည့်စုံသောသံလွင်ပင်၏ရိုးတံ၌ကိုင်းကူး၊ကိုင်းဆက်ပြု၍စောင့်ရှောက်ထားသကဲ့သို့ပင်ဖြစ်ကြကြောင်းရေးသားချက်ပင်ဖြစ်သည်။”*** ကြွယ်ဝသောပင်စည်အစေးကိုအတူမျှယူခါအသက်ကိုထိန်းကျောင်းပေးလေသည်။ ရိတ်သိမ်းချိန်ကာလ၌ကျွန်တော်တို့အသင့်ရှိနေကြရပါမည်။

***‘‘ညီအစ်ကိုတို့၊သင်တို့သည်ဝါကြွားသောစိတ်မရှိစေမည်အကြောင်း၊တပါးအမျိုးသားအပေါင်းတို့သည်မဝင်မီတိုင်အောင်၊ဣသရေလလူအချို့တို့ကိုမှောင်မိုက်ဖုံးလွှမ်းခြင်းအ***

သူများကဲ့သို့ပြန်လည်၍ အစပြုခဲ့ကြလျှင်ကျွန်တော်တို့မှာဘုရားသခင်၏ သန့်ရှင်းသောလူအဖွဲ့အဝင်များဖြစ်ကြပါလိမ့်မည်။ ထို့နောက်တွင်မူ၊ ဓမ္မသစ်ကျမ်းစာတွင်အလေးအနက်ပြောဆိုထားသည်မှာဘုရားသခင်၏ နိုင်ငံတော်၏ ထိုဂတိတော်ကိုကျွန်တော်တို့မှာအမွေခံများဖြစ်ကြပါလိမ့်မည်။ ရှင်ပေါလုရေးသားချက်မှာ၊–

***"သင်တို့အပေါင်းသည်ယေရှုခရစ်ကိုယုံကြည်သဖြင့်ဘုရားသခင်၏ သားဖြစ်ကြ၏။ (ဂလာတိသြဝါဒစာ ၃း၂၆)***

ဘုရားသခင်၏ သား(သို့မဟုတ်)သမီးဟုအခေါ်ခံခြင်းသည် အဘယ်မျှလောက်သောအခွင့်ထူးခံများဖြစ်ကြသည်ဆိုသည့်ပုံရိပ်ကို ဖေါ်ကြည့်ပါ။

***"ခရစ်တော်၌ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည်ခရစ်တော်ကိုယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏။ ယေရှုခရစ်၌ယုဒလူမရှိ၊ဟေလသလူမရှိ၊ကျွန်မရှိ၊လူလွတ်မရှိ၊ယောက်ျားမရှိ၊မိန်းမမရှိ၊ထိုသခင်၌သင်တို့အပေါင်းသည်တလုံးတဝတည်းဖြစ်ကြ၏။ ခရစ်တော်နှင့်စပ်ဆိုင်လျှင်အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍ဂတိတော်အတိုင်းအမွေခံ၏ အရာ၌တည်ကြ၏။ (ဂလာတိ ၃း၂၇–၂၉)***

ထိုအရာအလုံးစုံတို့သည်သခင်ယေရှုအတွက်အမွေခံများဖြစ်သောဂတိတော်မြေသည်ရင်း၊ရာဇပလ္လင်သည်ရင်း၊ခပ်သိမ်းသောကောင်းကြီးမင်္ဂလာများသည်ရင်း၊ကျွန်တော်တို့၏ ဥစ္စာများပင်ဖြစ်လေသည်။ ဘုရားသခင်၏ ကမ်းလှမ်းချက်များသည်အဘယ်မျှလောက်အထိစိတ်



**အာဗြဟံသို့ပေးတော်မူခဲ့သောဂတိတော်။**

အစအဦး၌ဖြစ်ပေါ်ခဲ့သောဣသရေလလူမျိုးတို့၏ အထ္ထုပတ္တိစာအုပ်ဖြစ်သည်။ ဤအချက်သည်သင်နှင့်ပတ်သက်မှုမရှိဟူ၍မဖြစ်ပါစေနှင့်။ ***ဓမ္မဟောင်းကျမ်းစာသည်လိုသည်ထက်ပို၍ရေးထားခြင်းမျိုးမဟုတ်သကဲ့သို့ခေတ်မမှီသောစာအုပ်မျိုးလည်းမဟုတ်ပါ။ အကျွမ်းတဝင်မရှိသောနယ်ပယ်လည်းဖြစ်ကောင်းဖြစ်ပါလိမ့်မည်။*** သို့သော်၊အစောဦးဆုံးသောစာအုပ်ဖြစ်သောသမ္မာကျမ်းစာတွင်စစ်မှန်သောရတနာများကိုရှာဖွေတွေ့ရှိနိုင်ပါသည်။ လူအနည်းငယ်တို့မှကြားဖူးနားဝရှိခဲ့ကြသည်မှာ၊ဥပမာအားဖြင့်၊အာဗြဟံသို့ပေးတော်မူခဲ့သောဂတိတော်များဖြစ်ပြီး၊ယင်းတို့မှာဘုရားသခင်၏ ကြီးမြတ်သောအကြံအစည်တော်အခြေခံအုတ်မြစ်ကိုအစပြုဖွဲ့စည်းခဲ့ကြလေသည်။ ယင်းတို့ကိုပြန်လည်ကြည့်ကြပါစို့။

အာဗြံ(မိမိအားနောက်ပိုင်းတွင်အာဗြဟံဟုပြောင်းလဲခေါ်ဝေါ်ခံရသူ) ဆိုသူသည် ဘီစီ–၃၀၀၀ ဝန်းကျင်ခန့်ကယခင်***ဥရ မြို့***ဟုခေါ်သော၊ယနေ့လူသိထင်ရှားကျော်ကြားသော***အီရတ်***နိုင်ငံတွင်နေထိုင်ခဲ့ပြီး၊ထူးခြားသောစရိုက်လက္ခဏာရှိသောသူဖြစ်သည်။ တစ်နေ့တွင်၊အာဗြဟံသည်သူ၏ မွေးရပ်မြေကိုစွန့်ခွာထွက်သွားဖို့ရန်ဘုရားသခင်၏ မိန့်တော်မူချက်သည်သူ့ထံသို့ရောက်ရှိခါ အာဗြဟံကိုပြောကြားခဲ့သည်မှာ၊ ***"ငါပြလတံ့သောပြည်သို့သွားလော့။ "(ကမ္ဘာဦးကျမ်း ၁၂း၁)*** ဟူ၍ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်၊အာဗြဟံသည်ဘုရားသခင်ကိုအလွန်ကြည်ညိုရိုသေခဲ့ပြီး၊သူ၏ ပိုင်ဆိုင်မှုအလုံးစုံတို့ကိုရောင်းချခါ၊သူ၏

ဆွေမျိုးသားချင်းများနှင့်အတူသဲကန္တာရကိုဖြတ်ကျော်ပြီးဘုရားသခင်ညွှန်ပြတော်မူခဲ့သောအရပ်သို့သွားရောက်ခဲ့လေသည်။ ထိုသူတို့ရောက်ရှိကြသည့်ဒေသမှာကျွန်တော်တို့သိရှိကြသည့်အတိုင်း၊ဣသရေလ(အစ္စရေးလူမျိုး)တို့၏တိုင်းပြည်ဖြစ်လာခဲ့ရသောဒေသပင်ဖြစ်သည်။ ထိုဒေသသို့ရောက်ရှိပြီးသည့်နောက်တွင်အာဗြဟံသည်ထိုတိုင်းပြည်ကိုအချုပ်အားဖြင့်လေ့လာစဉ်တွင်ဘုရားသခင်မှထင်ရှားပြသတော်မူပြီး၊ ***“ဤပြည်ကိုသင်၏အမျိုးအနွယ်အားငါပေးမည်ဟုမိန့်တော်မူ၏။” (ကမ္ဘာဦးကျမ်း ၁၂း၇)*** ဟုမိန့်တော်မူချက်ပင်ဖြစ်သည်။

ဤကဲ့သို့ရက်ရောစွာပေးကမ်းစွန့်ကြဲမှုမှာ၊ဘုရားသခင်သည်ပျော်ရွှင်ရှည်ကြာသောအိမ်ထောင်ပြုခဲ့သည့်တိုင်အောင်သား၊သမီးတစ်စုံတစ်ရာထွန်းကားမှုမရှိခြင်းအတွက်စိတ်အနှောင့်အရှက်ဖြစ်နေကြသောအာဗြဟံနှင့်မိမိ၏ဇနီးသည် ***“စာရာ”*** တို့ကိုဘုရားသခင်သည်စိတ်တော်နှင့်တွေ့ခဲ့သောကြောင့်ပင်ဖြစ်သည်။ ဤဖြစ်ပျက်မှုကိုကြည့်ရသည်မှာ၊ဘုရားသခင်သည်ထိုသူတို့ကိုအချို့သောဒေသတစ်ခုတွင်နေထိုင်စေတော်မူခဲ့သကဲ့သို့မိသားစုတစ်စုကိုလည်းဖြစ်စေမည့်ဂတိတော်ရှိနိုင်ကြောင်းပင်ဖြစ်သည်။ နှစ်အချို့ကျော်လွန်သွားပြီးသည့်နောက်တွင်အာဗြဟံသည်လည်းထိုဒေသတွင်ရှိသောသူ၏တဲ၌ပင်ဆက်လက်၍တစ်စုံတစ်ရာဖြစ်ပေါ်လာနိုင်မည့်အရေးကိစ္စကိုစိတ်ရှည်သီးခံစွာဖြင့်စောင့်မျှော်ခဲ့လေသည်။ သို့သော်၊ဖြစ်ပေါ်လာမည့်၊မည်သည့်အရိပ်အယောင်ကိုမျှမတွေ့ရှိခဲ့ပါ။ ထိုဒေသတွင်မူလကပင်နေထိုင်ကြသောလူတို့သည်လည်းထိုသူတို့၏စီးပွားရေးအလုပ်ကိုသာဆက်လက်လုပ်ကိုင်နေခဲ့ကြလေသည်။



သူ၏ဟောပြောချက်မှာအသက်ရှင်နေထိုင်လျှက်ရှိသောလက်ရှိအသက်တာမှပြောင်းလဲပြီး၊သခင်ခရစ်တော်၏ဒုတိယအကြိမ်ကြွရောက်တော်မူခြင်းကိုမိမိတို့ကိုယ်တိုင်ပြင်ဆင်ကြဖို့ရန်တိုက်တွန်းနှိုးဆော်ခဲ့လေသည်။ ထိုနေ့အစောပိုင်းတွင်လူစုလူဝေးသည်မိမိတို့မှမည်သို့ပြုလုပ်ကြရမည်နည်းဟုမေးမြန်းခဲ့ကြရာ၊ရှင်ပေတရုမှ၊–

***‘‘သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှါနောင်တရ၍တယောက်မျှမကြွင်း၊ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြလော့။’’ (တမန်တော်ဝတ္ထု ၂း၃၈)***

## ဂတိတော်၏အမွေခံများ၊

မြော်လင့်ခြင်းရှိသောဘုရားသခင်၏နှုတ်ကပတ်တော်ကိုကျွန်တော်တို့တစ်ချိန်တွင်စတင်နားလည်သဘောပေါက်ခဲ့ကြလျှင်ယင်းကိုမည်ကဲ့သို့စီစဉ်မည်ကိုသိရှိလိုပါလိမ့်မည်။ သင်သည်အများအပြားဖတ်ရှု့လာခဲ့သော်၊ဘုရားသခင်သည်လူတို့လိုက်နာဖို့ရန်သတ်မှတ်ချက်တစ်ခုကိုသင်သည်လက်လှမ်းမမှီနိုင်သေးသည်ကိုသိရှိနားလည်လာပါလိမ့်မည်။

သင်သည်ဘုရားသခင်အားအမှန်တကယ်သဘောကျနှစ်ခြိုက်စေလိုလျှင်သင်၏ကောင်းမကောင်းဝေဖန်တတ်သောအသိစိတ်ကိုရှင်းရှင်းလင်းလင်းဖြစ်စေဖို့ရန်ယေရုရှလင်မြို့တွင်နေထိုင်ကြသောထိုသူများကဲ့သို့ပင်လိုအပ်ချက်ကိုသင်သတိပြုမိပါလိမ့်မည်။ ကျွန်တော်တို့အတွက်ဘုရားသခင်ပြဋ္ဌါန်းထားသည့်နည်းလမ်းမှာ၊သခင်ယေရှုခရစ်တော်၌ဗတ္တိဇံကိုခံယူပြီး၊ကျွန်တော်တို့၏အသက်တာဟောင်းကိုသင်္ကေတအဖြစ်ရေထဲတွင်ဆေးကြောခါ၊ကျွန်တော်တို့သည်အသစ်သောမွေးဖွား

စေ၊ကျွန်တော်တို့အားလုံးတို့သည်အပြစ်သားများဖြစ်ကြသည်။ ကျွန်တော်တို့သည်ဘုရားသခင်၏ ပညတ်တော်များကိုချိုးဖောက်ခဲ့ကြသောကြောင့်၊ရသင့်ရထိုက်သည်မှာသေခြင်းသာလျှင်ဖြစ်ပါသည်။

သခင်ယေရှု၏ သေခြင်းသည်သူ၏ အပြစ်တစ်စုံတစ်ရာမရှိသောကိုယ်ခန္ဓာအားယဇ်အဖြစ်ပူဇော်ခဲ့ခြင်းသာဖြစ်တော်မူပြီး၊သူ့အထံတော်သို့တိုးဝင်ချဉ်းကပ်ဖို့ရန်လိုလားသောသူအားလုံးတို့အဖို့သူသည်မရဏာနိုင်ငံ၏ တန်ခိုးကိုချိုးဖောက်တော်မူခဲ့သည်။ ယင်းသို့အားဖြင့်၊မေရှိယအရှင်နှစ်ကြိမ်တိုင်တိုင်ကြွရောက်တော်မူခြင်း၏ ဆက်နွယ်မှုသည်ဒွန်တွဲလျှက်ရှိနေပါသည်။ လက်ဝါးကပ်တိုင်သည်သရဖူ၏ အလျှင်ကျပြီး၊ဒုက္ခစရိယကိုခံစားခဲ့ရသောအစေခံခြင်းမှာ ***"ဘုရင်တို့၏ ဘုရင်"*** ဟူသောနာမကိုဖြစ်လာစေခဲ့ပါသည်။ အာဗြဟံသည်သူ၏ တဲ၌စောင့်မျော်ခဲ့သောထိုဂတိတော်မြေနှင့်သခင်ယေရှုသည်နိုင်ငံတော်၏ သတင်းကောင်းကိုသယ်ဆောင်၍လျှောက်လှမ်းခဲ့သောထိုနေရာမှာအတူတူဖြစ်ပြီး၊ယင်းကိုထိုသူတို့နှစ်ဦးစလုံးတို့၏ ပတ်လည်၌ရှိခဲ့ကြသောမိသားစုဝင်များထာဝစဉ်ပျော်ရွှင်ဖို့ရန်ပေးအပ်ခဲ့သောထိုမြေဒေသပင်ဖြစ်သည်။

**ပင်တေကုတ္တေပွဲနေ့**တွင်ရှင်ပေတရုမှမတ်တပ်ရပ်ပြီးလူများကိုအစောတလျှင်ပြောကြားခဲ့သောသတင်းစကားဖြစ်သည့်နှစ်ကြိမ်တိုင်အောင်ကြွလာမည့်နက်နဲသောလျှို့ဝှက်ချက်ကိုစတင်၍ရှင်းလင်းပြခဲ့လေသည်။ သူ၏ သတင်းစကားကိုကြည့်ရှုကြပါစို့။

***"သင်တို့အပြစ်များကိုပြေစေခြင်းငှါ၊နောင်တရ၍စိတ်ပြောင်းလဲခြင်းသို့ရောက်ကြလော့။" (တမန်တော်ဝတ္တု ၃း၂၀)***



တစ်နေ့သောညနေခင်းအချိန်တွင်၊ဘုရားသခင်၏ သံတော်ဆင့်မှထပ်မံ၍ပေါ်လာခဲ့လေသည်။ အာဗြဟံသည်လည်းအခွင့်အရေးကိုလက်လွှန်မခံတော့ဘဲအလွန်အရေးကြီးသောမေးခွန်းနှစ်ခုကိုပေးလေတော့သည်။ သူသည် ***"သတိကြီးစွာဖြင့်"***ဘုရားသခင်အား ***"အကျွန်ုပ်အားအမျိုးအနွယ်ကိုပေးတော်မမူပါ။" (ကမ္ဘာဦးကျမ်း ၁၅း၃)***ဟုသိမ်မွေ့စွာလျှောက်ထားခဲ့ပါသည်။ ယင်းမေးခွန်း၏ အဖြေအတွက်၊သူသည်မိမိ၏ တဲအတွင်းမှပြင်ပသို့ထုတ်ဆောင်ခံခဲ့ရပြီး၊မိုးဃံကောင်းကင်နှင့်လင်းလက်နေသောကြယ်များကိုကြည့်ရှုစေခဲ့သည်။

***"ကြယ်များကိုရေတွက်နိုင်လျှင်၊ရေတွက်လော့။ သင်၏ အမျိုးအနွယ်သည်ထိုသို့ဖြစ်လိမ့်မည်ဟုမိန့်တော်မူ၏။"***

အခြားပြဿနာတစ်ခုမှာ၊အာဗြဟံရင်ဆိုင်နေရသောမြေပြဿနာပင်ဖြစ်သည်။

***"တဖန်၊ငါသည်ဤပြည်ကိုသင်အမွေခံစရာဘို့၊သင့်အားပေးလိုသောငှါ၊ခါလဒဲပြည်သားတို့နေသောဥရမြို့မှသင့်ကိုထုတ်ဆောင်သောထာဝရဘုရားဖြစ်သည်ဟုမိန့်တော်မူလျှင်၊အရှင်ထာဝရဘုရား၊ဤပြည်ကိုအကျွန်ုပ်အမွေခံရမည်ကိုအဘယ်သို့သိရပါအံ့နည်းဟုမေးလျှောက်လေ၏။"(ကမ္ဘာဦးကျမ်း ၁၅း၇–၈)***

## အလေးမြတ်ထားရသောပဋိညာဉ်။

ဘုရားသခင်သည်ခလေ့ထုံးတမ်းအစဉ်အလာကာလအပိုင်း

အခြားနှင့်စပ်ဆိုင်သောပဋိညာဉ်တစ်ခုကိုအာဗြဟံနှင့်အတူအလွန်အလေးမြတ်ထားရသောသဘောတူညီချက်အဖြစ်ပြုလုပ်တော်မူခဲ့သည်။ ဘုရားသခင်သည်အသေးစိတ်တိကျသောတိရစ္ဆာန်များနှင့်ငှက်များကိုဂရုတစိုက်ဖြင့်စုဆောင်းပြီးယဇ်ပူဇော်ဖို့ရန်မိန့်တော်မူခဲ့လေသည်။ ထိုသားကောင်များကိုတစ်ခြမ်းစီခွဲစိတ်ပြီးမြေပေါ် တွင်ချထားစေတော်မူခဲ့သည်။ ပုံမှန်အားဖြင့်အသားများကိုတစ်ခြမ်းစီခွဲခြားထားပြီးကျော်ဖြတ်သွားခြင်းသည်ဘုရားသခင်နှင့်အာဗြဟံတို့အကြားထားရှိသောပဋိညာဉ်သာလျှင်ဖြစ်ပြီး၊ယင်းသို့အားဖြင့်၊ထိုပဋိညာဉ်ကိုတရားဝင်ပြုလုပ်ခြင်းပင်ဖြစ်သည်။ ဤကိစ္စရပ်၌ဘုရားသခင်သည်အာဗြဟံနှင့်တစ်စုံတစ်ရာသောဂတိတော်ရှိသကဲ့သို့ဘုရားသခင်သည်ထိုအသားတစ်ခြမ်းစီအကြားကျော်ဖြတ်သွားခဲ့ခြင်းဖြစ်သည်။

ထိုအချိန်တွင်အာဗြဟံမြင်တွေ့ခဲ့ရသည့်အရာမှာမှောင်မိုက်တွင်မီးခိုးထွက်သောမီးဖိုမီးထွန်းထားသောမီးခွက်တို့ကိုတွေ့ရှိရပြီး၊များမကြာမှီတွင်ဘုရားသခင်သည်အာဗြဟံနှင့်ပဋိညာဉ်ပြုနိုင်ခဲ့လေသည်။ မကြာခဏဘုရားသခင်သည်သူ၏လူများကိုမိမိကိုယ်မိမိအသိပေးထုတ်ဖော် တော်မူခဲ့လေသည်။ အာဗြဟံသည်လွန်စွာစိတ်ကျေနပ်မှုရရှိခဲ့လေသည်။ ထိုပဋိညာဉ်သည်ထိုနည်းလမ်းအားအတည်ပြုချက်ရရှိပြီး၊ချိုးဖောက်ခြင်း၊ပျက်ပြားခြင်းတစ်စုံတစ်ရာမရှိခဲ့ပါ။

နှစ်ကာလတို့မှာတစ်ရွှေ့ရွှေ့ကုန်လွန်လာသည်နှင့်အမျှ၊အာဗြဟံသည်ဘုရားသခင်ကိုတိုး၍သိရှိလာသကဲ့သို့ဂတိတော်များသည်လည်းအကြိမ်ကြိမ်ထပ်မံပေါ် လာပြီးကြီးမားလာလေတော့သည်။ ဆွေးနွေးချက်နှစ်ခုဖြစ်သောနယ်မြေပိုင်ဆိုင်မှုနှင့်အနာဂတ်ကာလအတွက်အာ



ကျွန်တော်တို့သည်ထိုနေရာသို့ရောက်ကောင်းရောက်ရှိကြပါလိမ့်မည်။ ကျွန်တော်တို့သေဆုံးခဲ့ကြသည့်တိုင်အောင်မြင့်မြတ်သည့်တရားတော်ရှိနေခဲ့လျှင်ကျွန်တော်တို့သည်ဘုရားသခင်နိုင်ငံတော်၏ပျော်ရွှင်ဝမ်းမြောက်မှုအရသာတို့ကိုကျွန်တော်တို့မှမြည်းစွမ်းနိုင်စွမ်းရှိကြပါလိမ့်မည်။ တမန်တော်ရှင်ပေါလုမှအကျဉ်းထောင်ထဲမှရေးသားထားသကဲ့သို့ကျွန်တော်တို့သည်ဓမ္မသရဖူကိုလက်ခံရရှိဖို့ရန်ပြန်လည်ရှင်ပြန်ထမြောက်ကြပါလိမ့်မည်။

***“ယခုမှစ၍ဓမ္မသရဖူသည်ငါ့အဘို့သိုထားလျက်ရှိ၏။ ထိုမျှမကပေါ်ထွန်းတော်မူခြင်းကိုတောင့်တသောသူအပေါင်းတို့၌လည်းအပ်ပေးတော်မူမည်။ (တိမောသေဩဝါဒစာဒုတိယစောင် ၄း၈)***

မေရှိယသခင်ကြွလာတော်မူချိန်တွင်ယုံကြည်ခြင်း၌သေဆုံးခဲ့ကြသောသူအပေါင်းတို့ကိုသေခြင်းမှပြန်လည်ရှင်ပြန်စေတော်မူပြီး၊သူကဲ့သို့ပင်သန့်မာပြီး၊ထာဝရရှင်သန်လျက်ရှိသောကိုယ်ခန္ဓာကိုထိုသူတို့အားပေးသနားပါလိမ့်မည်။ အာဗြဟံသည်၎င်း၊ဒါဝိဒ်သည်၎င်း၊ပေါလုသည်၎င်း၊ကျွန်တော်တို့သည်၎င်း၊ထိုနေရာတွင်ကျိန်းသေ၊သေချာစွာရှိနေကြရပါလိမ့်မည်။

ယင်းအလုံးစုံသောအရာတို့မှာ၊သခင်ခရစ်တော်၏အသွေးတော်အားဖြင့်သာဖြစ်လျက်ရှိနေပြီး၊ထိုအသွေးတော်သည်ပင်လျှင်ကျွန်တော်တို့အားဘုရားသခင်၌နီးစေဖို့ရန်သယ်ဆောင်လျက်ရှိနေပါသည်။
ကျွန်တော်တို့သည်ဂျူးလူမျိုးဖြစ်စေ၊တစ်ပါးအမျိုးသားဖြစ်

*အနီးသို့ရောက်ကြပြီ။ (ဖေက်ဩဝါဒစာ ၂း၁၁–၁၃)*

**() ဣသရေလတို့၏ မြော်လင့်ခြင်းဆိုသည်ကို ကျွန်တော်တို့ပြောဆိုရေးသားရှင်းလင်းစေသည့်ဤစာပိုဒ်ကိုသင်သတိထားမှုရှိခဲ့ပါသလား?**

**() "*မြော်လင့်ခြင်းမရှိ*"ဟူသောဝေါဟာရသည်ဖေက်ကိုယုံကြည်ကြသောသူတို့အဖို့ဖြစ်ခဲ့သည်။ လူသန်းပေါင်းများစွာတို့သည်လည်းထိုကဲ့သို့သောမြော်လင့်ခြင်းမရှိဖြစ်နေရာယခုအချိန်အတောအတွင်းသင်မည်ကဲ့သို့ခံစားလျှက်ရှိမည်နည်း?**

သို့သော်၊ထိုသူတို့တွင်၊**"ဂတိတော်နှင်ဆိုင်သောပဋိညာဉ်များ"**နှင့်ပတ်သက်၍လေ့လာခဲ့ပြီးဖြစ်သည်။ ယင်းအရာကိုကျွန်တော်တို့သည်လေ့လာသင်ယူလျှက်ရှိနေကြပါသည်။ ထိုသူတို့သည်ထိုဂတိတော်များ၌ထည့်သွင်းထားသောမြော်လင့်ခြင်းတို့ကိုချုပ်ကိုင်ထားရှိခဲ့ကြလေသည်။ သခင်ခရစ်တော်၏ အသွေးတော်အားဖြင့်ထိုသူတို့ကိုဘုရားသခင်၏ အနီးသို့ခေါ် ဆောင်တော်မူခဲ့လေသည်။

## အသွေးတော်နှင့်တံဆိပ်ခပ်ထားသောပဋိညာဉ်၊

ဘုရားသခင်ပြုလုပ်တော်မူခဲ့သောအကောင်းဆုံးသောဂတိတော်မှာယနေ့တိုင်အနာဂါတ်တွင်တည်လျှက်ရှိနေလေသည်။ ထိုဂတိတော်များသည်မည်သည့်အချိန်တွင်ဖြည့်စွမ်းလာမည်ဆိုသည်ကိုကျွန်တော်အတိအကျမသိရှိနိုင်ကြပါ။ ဘုရားသခင်၏ဂတိတော်များကိုမြော်လင့်၍ယုံကြည်ကိုးစားကြသောလူအများစုသည်သင်္ချိုင်းဂူထဲရောက်ရှိနေကြပြီး၊သခင်ယေရှုဒုတိယအကြိမ်ကြွရောက်လာခြင်းမတိုင်မှီမှာလည်း



ဖြဟံ၏ မျိုးဆက်များကိစ္စရပ်သည်သူ့အမျိုးအနွယ်၌ဆက်လက်တည်တံ့ခါပြောင်းလဲခြင်းမရှိဘဲတိုးပွားဖွံ့ဖြိုးလျက်ရှိနေသည်။ ထိုဖွံ့ဖြိုးလာမှုဖြစ်စဉ်ကို***"ကမ္ဘာဦးကျမ်း ၁၃၊ ၁၅၊၁၇ နှင့် ၂၂"*** တို့အားဖြင့်သိရှိနိုင်ပါသည်။

ဆက်တိုက်ဖြစ်ပေါ် လာသောဂတိတော်များအားလုံးတို့တွင်နောက်ဆုံးသောဂတိတော်သည်စိတ်တွင်စွဲငြိစေဆုံးသောအရာဖြစ်သည်။ ဤဂတိတော်တစ်ခုသည်သစ္စာပြုခြင်းဖြင့်စတင်ခဲ့လေသည်။ ***"ငါသည်ကိုယ်ကိုကိုယ်တိုင်တည်၍ကျိန်ဆို၏။"*** ဟုထာဝရဘုရားမိန့်တော်မူခဲ့လေသည်။ အကျွမ်းဝင်သောမှတ်သားချက်တစ်ခုသည်လည်းဆက်တိုက်ဖြစ်ပေါ် ခဲ့သည်မှာ၊–

***"သင်၏ အမျိုးအနွယ်ကိုလည်း၊ကောင်းကင်ကြယ်ကဲ့သို့၎င်း၊သမုဒ္ဒရာသဲလုံးကဲ့သို့၎င်း၊အစဉ်အမြဲပွါးများစေမည်။ သင်၏ အမျိုးအနွယ်သည်ရန်သူတို့၏မြို့တံခါးများကို အစိုးရလိမ့်မည်။ သင်၏ အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည်ကောင်းကြီးမင်္ဂလာကိုခံရကြလိမ့်မည်ဟု၊. . . "(ကမ္ဘာဦးကျမ်း ၂၂း၁၇၊၁၈)***

အမျိုးအနွယ်(သို့မဟုတ်)ဆင်းသက်ပေါက်ဖွားလာမည့်သူများဟူသောအများကိန်းဝါကျမှဆင်းသက်ပေါက်ဖွားသူ (သိုမဟုတ်) အမျိုးအနွယ်ဟူသောအနည်းဝါကျမှပုဂ္ဂိုလ်တစ်ဦးသည်ဟေဗြဲဘာသာအသုံးအနှုံးတစ်ခုဖြစ်သော**တစ်စုံတစ်ယောက်**သောသူမှာ***"မြို့တံခါးများကိုအစိုးရလိမ့်မည်။"*** ဆိုခြင်းသည်ထိုသူအတွက်အလွန်အ

ရေးပါကြောင်းသတိပြုဖွယ်ရာဖြစ်ပါသည်။ ရေးယခင်အချိန်ကာလတွင်မြို့တံခါးဆိုသည်မှာ၊အခိုင်အမာတည်ဆောက်ထားသောမြို့၏တစ်ခုတည်းသောဝင်ပေါက်/ထွက်ပေါက်တစ်ပေါက်ထည်းရှိလေ့ရှိကြောင်းအားဆိုလိုခြင်းဖြစ်ပါသည်။ ထိုနေရာသည်အုပ်ချုပ်သူရှင်ဘုရင်မှုတရားရုံးအခြေစိုက်ရာနေရာဖြစ်လေသည်။ သင်၏ရန်သူတို့၏မြို့တံခါးများကိုအစိုးရရန်အတွက်လုံးလုံးလျားလျားထိန်းချုပ်ဖို့ရန်ဟူသောအနက် ဖြစ်သည်။ အာဗြဟံ၏အမျိုးအနွယ်အားလုံးတို့မှာအရာအားလုံးတို့ကိုသိမ်းပိုက်နိုင်ခဲ့ကြသူများဖြစ်ကြပြီး၊တစ်လောကလုံးအဖို့ပျော်ရွှင်ခြင်းကိုသယ်ဆောင်လာကြသူများလည်းဖြစ်ကြသည်။ **ဘုရားသခင်၏စိတ်ထဲ၌မည်သူရှိတော်မူသနည်း?** အာဗြဟံတစ်ဦးသာလျှင်မှန်းဆပြီးယုံကြည်ခဲ့လေသည်။

ပဋိညာဉ်ပြုလုပ်ပြီး ၂၅ နှစ်နောက်ပိုင်းတွင်၊ စာရဲသည်များမကြာမီတွင်ခလေးတစ်ယောက်ရတော့မည်အကြောင်းအာဗြဟံအားကြီးမားသောစိတ်လှုပ်ရှားမှုဖြင့်ပြောဆိုခဲ့လေသည်။ ဘုရားသခင်သည်သူ့နှုတ်ဂတိတော်ကိုစောင့် ရှောက်တော်မူခဲ့သည်။ ဘုရားသခင်သည်အာဗြဟံအားသားတစ်ယောက်ပေးတော်မူမည်ဆိုသည်ကိုအချိန်တစ်လျှောက်လုံးတွင်သူသည်ယုံမှားသံသယမဖြစ်ခဲ့ပါ။ တမန်တော်ရှင်ပေါလုကလည်းအာဗြဟံနှင့်ပတ်သက်ပြီးသုံးသပ်ခဲ့သည်မှာ၊–

***"....ဂတိထားတော်မူသောသူသည်ဂတိတော်အတိုင်းတတ်နိုင်တော်မူသည်ကိုစိတ်စွဲလမ်းလေ၏။ ထို့ကြောင့်၊သူ၏ယုံကြည်ခြင်းကိုသူ၏ဖြောင့်မတ်ခြင်းကဲ့သို့မှတ်တော်မူ၏။" (ရောမသြဝါဒစာ ၄း၂၀၊၂၁)***



ထားချက်ကို ဖတ်ရှုကြည့်ကြပါစို့။

***"ထိုနက်နဲသောအရာဟူမူကား၊တပါးအမျိုးသာတို့သည်ဧဝံဂေလိတရားအားဖြင့်ယုဒအမျိုးသားတို့နှင့်အတူအမွေခံ၍၊တလုံးတဝတကိုယ်တည်းဖြစ်လျက်၊ခရစ်တော်နှင့်ဆိုင်သောဂတိတော်ကိုဆက်ဆံရကြသတည်း။" (ဧဖက်သြဝါဒစာ–၃း၆ )***

အလွန်အံ့သြဖွယ်ရာကောင်းသောကျမ်းပိုဒ်ဖြစ်ပေသည်။ တစ်ပါးအမျိုးသားဆိုသည်မှာဂျူးလူမျိုးမဟုတ်သောလူတစ်စုံတစ်ယောက်ကိုဆိုလိုပါသည်။ ရာစုများစွာတွင်ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ဘုရားသခင်၏ဂတိတော်များမှာဘုရားသခင်၏လူများသာလျှင်ပိုင်ဆိုင်ခဲ့ကြလေသည်။

ယခုတမန်တော်ရှင်ပေါလုပြောဆိုလျက်ရှိသည်မှာ၊**ဧဝံဂေလိကွန်ယက်**ကိုကျယ်ပျန့်စွာအခြားလူမျိုးစုတို့ထံသို့တိုင်အောင်ပစ်လွှတ်ခဲ့ကြောင်းပြောဆိုခြင်းပင်ဖြစ်သည်။ ထိုနိုင်ငံတော်၏ကြီးမြတ်သောဂတိတော်မှာ၊မေရှိယအရှင်စိုးစံသောကာလတွင်ကျွန်တော်တို့အဖို့ပိုင်ဆိုင်မှုရှိလိမ့်မည်ဟူသောဆိုလိုရင်းပင်ဖြစ်သည်။

***"ထိုအခါသင်တို့သည်ခရစ်တော်ကိုမသိ၊ဣသရေလအပေါင်းအသင်း၌မဝင်၊ဂတိတော်ပါသောပဋိညာဉ်တရားတို့နှင့်မဆိုင်၊မြော်လင့်ခြင်းမရှိ၊လောက၌ဘုရားမဲ့နေကြသည်ကိုငင်း၊အောက်မေ့နေကြလော့။ သင်တို့သည်အထက်ကဝေးလျက်ရှိသော်လည်း၊ယခုမှာယေရှုခရစ်၌ဖြစ်၍အသွေးတော်အားဖြင့်***

လို့ဝှက်နက်နဲသောအရာကိုသင်ကိုယ်တိုင်ဖြေရှင်းမှု၌သင်သည်ကြီးမားသောစိတ်ကြည်နူးမှုကိုတွေ့ရှိရပါလိမ့်မည်။ ယင်းကိုဓမ္မသစ်ကျမ်းစာပါတမန်တော်များမှအတိအကျခေါ် ဆိုခဲ့သည့်သတင်းကောင်းပင်ဖြစ်ပါသည်။ လို့ဝှက်ချက်တစ်ခုကိုဖော်ထုတ်ခဲ့သော၊သော့ချက်မှာယခုထိုသူတို့ထံတွင်ရှိခဲ့ပါသည်။

## သခင်ခရစ်တော်ဒုတိယအကြိမ်ကြွရောက်တော်မူခြင်းကိုလိုအပ်ခြင်း။

နောက်ထပ်လို့ဝှက်နက်နဲသောအရာတစ်ခုရှိလေသည်။ ယင်းကိုတမန်တော်များကဖြေရှင်းနိုင်ခဲ့ကြလေသည်။ သင်တို့သည်သိသာထင်ရှားသောမေးခွန်းတစ်ခုမေးဖြစ်မည်မှာ၊–

**( ) ဘုရားသခင်သည်အဘယ်ကြောင့်နှစ်ကြိမ်တိတိကြွရောက်လာစေခြင်းကိုစီစဉ်တော်မူရသနည်း?**

**( ) သခင်ယေရှုသည်ထာဝရရှင်သန်သောတန်ခိုးတော်ဖြင့်ထမြောက်တော်မူပြီးအဘယ်ကြောင့်ဒါဝိဒ်မင်း၏ရာဇပလ္လင်အတွက်ချက်ခြင်းထိုင်တော်မူပြီးမအုပ်စိုးခဲ့သနည်း?**

**( ) နှစ်ပေါင်းနှစ်ထောင်နီးပါးအဘယ်ကြောင့်ရှည်လျားသောကွာဟချက်မျိုးဖြစ်ခဲ့ရသနည်း? (ဒုတိယအကြိမ်ကြွရောက်ခြင်းကိုမေးခြင်းဖြစ်သည်။)**

ထိုမေးခွန်းများအဖို့အဖြေများသည်အထူးသဖြင့်၊သင်နှင့်ကျွန်တော်တို့အတွက်အလွန်အရေးပါလှပြီး၊ဓမ္မသစ်ကျမ်းစာတွင်ယင်းအရာနှင့်ပတ်သက်၍မြောက်များစွာတို့ကိုချုပ်ကိုင်ထားရှိလေသည်။ ***"ဖေက်သြဝါဒစာ–၃း၃–၆"*** တွင်တမန်တော်ရှင်ပေါလုရေးသား



အာဗြဟံ၏ယုံကြည်ခြင်းမှာတုန်လှုပ်ခြောက်ခြားမှုမရှိပါ။

## အမွေဆက်ခံမည့်သူမရှိသေးခြင်း။

ဤကြီးမားသောနယ်မြေသစ်ရှာဖွေသူ၏ အတ္တုပတ္တိ၌စိတ်အနှောင့်အရှက်ဖြစ်ရခြင်းတစ်ခုတည်းသောအချက်တစ်ချက်မှာသူသေဆုံးသည့်အချိန်ထိတိုင်အောင်ထိုဂတိတော်နယ်သစ်ကိုပိုင်ဆိုင်ခြင်းမရှိသေးခြင်းပင်ဖြစ်သည်။ ဘုရားသခင်သည်အချို့သောအချိန်များတွင်အာဗြဟံကိုကိုယ်တိုင်ကိုယ်ကျဂတိပြုတော်မူခြင်းဖြင့်၎င်း၊သူ၏အမျိုးအနွယ်များသို့၎င်း၊ပြုမူတော်မူခဲ့ပါသည်။ သွေးအာဇာနည်သူရဲကောင်းသတေဖန်မှစွန့်စားပြောဆိုသကဲ့သို့၊–

*"(ဘုရားသခင်သည်)ဤပြည်၌ခြေနင်းရာကိုမျှအမွေပေးတော်မမူသော်လည်း၊ သူမှစ၍သူ၏သားမြေးတို့အားဤပြည်ကိုအပိုင်ပေးတော်မူမည်ဟုသားတစ်ယောက်မျှမရှိမှီဂတိထားတော်မူ၏။" (တမန်တော်ဝတ္ထု ၇း၅)*

အာဗြဟံသည်သူပိုင်ဆိုင်သောသူ၏ အိမ်၌မဟုတ်ဘဲသူ၏ယာယီတဲ၌သာသေဆုံးခဲ့လေသည်။ အာဗြဟံသည်ဘုရားသခင်၌ယုံကြည်စိတ်ချမှုကြောင့်အတားအဆီးအနှောင့်အရှက်အမျိုးမျိုးတို့ရင်ဆိုင်ခဲ့သော်ငြားလည်း၊အခက်အခဲများမှကျော်လွှားနိုင်ခဲ့လေသည်။ ထို့ကြောင့်၊ဟေဗြဲသြဝါဒစာကိုရေးသားခဲ့သူမှသူ၏ဇနီးသည်နှင့်ခလေးတို့နှင့်ပတ်သက်၍ရေးသားထားချက်မှာ၊–

*"ယခုဆိုခဲ့ပြီးသောသူအပေါင်းတို့သည်၊ဂတိတော်*

***နှင့်စပ်ဆိုင်သောအကျိုးကျေးဇူးကိုမခံရဘဲ၊အ ဝေးကမြော်မြင်လျက်၊စိတ်နှလုံးနှင့်ဘက်ယမ်းလျက်၊.....ယုံကြည်ခြင်းစိတ်နှင့်သေလွန်ကြ၏။" (ဟေဗြဲ ၁၁း၁၃)***

အာဗြဟံကို ***"ယုံကြည်ခြင်း၏အဘ"*** ဟုအဘယ်ကြောင့်ခေါ်ဆိုရသည်ကိုယခုသင်တို့တွေ့ရှိနိုင်ပါလိမ့်မည်။ ဘုရားသခင်သည်သူ့အားဂတိတော်နယ်မြေသို့သယ်ဆောင်တော်မူခဲ့သည်။ ဘုရားသခင်သည်သူ့အားသားတစ်ယောက်ကိုမွေးဖွားစေတော်မူခဲ့သည်။ ဘုရားသခင်မှသူ့အားထိုနယ်မြေကိုအမွေဆက်ခံရမည်ဟုမိန့်တော်မူခဲ့လျှင်သူသည်သေသည့်တိုင်အောင်ပင်ထိုအမွေအားဆက်ခံရမည်ဟုသူယုံကြည်ခဲ့လေသည်။

အာဗြဟံသေဆုံးပြီးသည့်နောက်(၄)ရာစုတွင်သူ၏မိသားစုသည်လူမျိုးစုတစ်စုကဲ့သို့ကြီးထွားလာကြပြီးဖြစ်လေသည်။ ဘုရားသခင်သည်အာဗြဟံ၏သား ***ဣဇက်***ထံ သို့လည်းနောက်ထပ်ဂတိတော်ထားရှိပြန်ပြီး၊တစ်ဖန်အာဗြဟံ၏မြေးဖြစ်သူ **ယာကုတ်** ထံသို့လည်းဂတိတော်ရှိခဲ့ပြန်ပါသည်။ ယင်းအရာတို့သည်ထိုမိသားစုဝင်များအတွင်း၌သာဖြစ်ခဲ့ခြင်းဖြစ်သည်။ ယာကုတ်၏နောက်ထပ်အမည်တစ်ခုမှာ ***"ဣသရေလ"*** ဖြစ်ပါသည်။ သူ၌သား ***'တစ်ဆယ့်နှစ်ယောက်"*** ရှိလေသည်။ နောင်တွင် **သားတစ်ယောက်စီမှာလူမျိုးစုတစ်စုစီ၏ခေါင်းဆောင်အသီးသီး**ဖြစ်လာခဲ့ကြသည်။

အစာရေစာခေါင်းပါးသည့်ခေတ်ကာလအတောအတွင်းထိုမိသားစုသည်အီဂျစ်နိုင်ငံသို့ရွှေ့ပြောင်းနေထိုင်အခြေချခဲ့ကြလေသည်။



သူ၏အောင်မြင်စွာအုပ်စိုးမည့်လက္ခဏာမှာမိုးတိမ်ကွယ်သကဲ့သို့မရှင်းလင်းမှုဖြစ်ရာမှချက်ချင်းပင်ရှင်းလင်းသွားပါလိမ့်မည်။

ယင်းကိုကိုယ်စားပြုထားသောနမူနာကို ***"ယေရှာယအနာဂတ္တိကျမ်း ၅၂ နှင့် ၅၃"*** တွင်ကြည့်ရှုနိုင်ပါသည်။ ***အခန်းကြီး ၅၂*** ဖေါ်ပြချက်သည်ယေရှုရုလင်မြို့ကိုသိမ်းယူထားသူထံမှမေရှိယအရှင်အားဖြင့်လွတ်ခြင်းအခွင့်ကိုရရှိသကဲ့သို့ယေရှုရုလင်မြို့၏ဝမ်းမြောက်ရွှင်လန်းမှုကိုဖေါ်ပြထားလျှက်ရှိပါသည်။ **'အခန်းကြီး ၅၃'**တွင်ကြိုတင်ခန့်မှန်းထားသည့်အရာမှာမေရှိယအရှင်၏အရှက်တကွဲအကျိုးနည်းစေသောလက်ဝါးကားတိုင်တွင်အသေသတ်ခြင်းခံရသောအချက်အလက်များကိုနာကျင်စွာဖေါ်ပြထားချက်ပင်ဖြစ်သည်။ ထိုနှစ်ကြိမ်တိတိကြွရောက်တော်မူခြင်းလက္ခဏာကိုထိုအခန်းကြီးနှစ်ခန်းစလုံးတွင်အလွန်တိကျစွာအနက်ဖွင့်ဖော်ပြထားရှိလေသည်။

***"ဆာလံကျမ်း ၂"*** ကို**ပထမအကြိမ်**ဖတ်ရှုရာတွင်မေရှိယအရှင်၏ရန်သူများသည်တစ်စုတစ်ရုန်းတည်းစုဝေးကြပြီးသူ့အားသေခြင်းဆီသို့ပို့ဆောင်ခဲ့ကြသည်ကိုတွေ့ရှိရပါလိမ့်မည်။ **ဒုတိယအကြိမ်**ဖတ်ရှုရာတွင်ထိုကဲ့သို့ပင်ဖြစ်သော်လည်းသူခမည်းတော်၏အမိန့်အရဤအချိန်သည်သူ၏အောင်မြင်မှုဖြစ်ကြောင်းကိုနားလည်သဘောပေါက်လာပါလိမ့်မည်။

**"ငါ၏ရှင်ဘုရင်ကိုသန့်ရှင်းသောဇိအုန်တောင်တော်ပေါ်မှာ၊ငါကိုယ်တိုင်ဘိသိက်ပေးပြီဟုမိန့်တော်မူမည်။" (ဆာလံကျမ်း ၂း၆)**

***ကောင်းကင်ဘုံသည်ထိုခရစ်တော်ကိုခံယူသိမ်းဆည်းရမည်။ (တမန်တော်ဝတ္ထု ၃း၁၈–၂၁)***

အလုံးစုံသောအရာတို့မှာရှင်းလင်းစွာပြန်လည်ဖြစ်ပေါ်ခဲ့လေသည်။ ပရောဖက်များပြောဆိုခဲ့သည့်အတိုင်းပင်သခင်ယေရှုသည်ဣသရေလလူမျိုးများနှင့်လောကီသားအားလုံးတို့အတွက်ကယ်တင်ရှင်ဖြစ်တော်မူလေသည်။ သို့သော်၊သူသည်ဤလောကသို့နှစ်ကြိမ်တိတိကြွရောက်ဖို့ရန်ရှိခဲ့လေသည်။(ဒုတိယအကြိမ်ကြွလာခြင်းကိုဆိုလိုရင်းဖြစ်သည်။)

**ပထမတစ်ကြိမ်**တွင်လူတို့၏ဒုစရိုက်အပြစ်များကိုသယ်ဆောင်ပေးဖို့ရန်၎င်း၊ဒုစရိုက်အပြစ်တည်းဟူသောကြီးမားသည့်ရန်သူထံမှလွတ်ခြင်းအခွင့်ကိုပေးဖို့ရန်၎င်း၊ထာဝရသေခြင်းမှလွတ်မြောက်ဖို့ရန်၎င်း၊ကယ်ဆယ်မစဖို့ရန်အတွက်ကြွရောက်လာခဲ့ခြင်းဖြစ်သည်။ **ဒုတိယအကြိမ်**ကြွရောက်ဖို့ရန်ရှိနေသည်မှာ၊ထိုလူတို့ကိုဖိနှိပ်ချုပ်ချယ်အုပ်စိုးနေသူများထံမှကယ်တင်ဖို့ရန်နှင့်တကမ္ဘာလုံးကိုအုပ်စိုး၊စိုးစံရန်အတွက်ဖြစ်လေသည်။ သူသည်ကောင်းကင်နိုင်ငံတော်သို့တက်ကြွတော်မူပြီး၊ဘုရားသခင်၏ညာလက်ရုံးအဖြစ်ရှိတော်မူခဲ့သော်လည်း၊အစဉ်အမြဲအတွက်မဟုတ်ပါ။ ထိုနေရာတွင်သခင်ယေရှုသည်ဘုရားသခင်မှပရောဖက်များအားဖြင့်မိန့်တော်မူခဲ့သောအရာအားလုံးတို့ကိုတည်ထောင်သောအချိန်အထိသာရှိတော်မူပါလိမ့်မည်။

ဤသေ့ချက်ဖြင့်၊မေရှိယအရှင်ကြွရောက်လာတော်မူခြင်းနှင့်ပတ်သက်၍ဗျာဒိတ်တော်စကားများသည်ရတနာသေတ္တာအဖုံးကိုဖွင့်လိုက်သကဲ့သို့ဖြစ်လေသည်။ သူ၏သေခြင်းအားဖေါ်ပြချက်များအရ



ထိုမိသားစုမှပေါက်ဖွားလာပြီးအဆပေါင်းများစွာဖြစ်ပေါ်လာခြင်းနှင့်၎င်းတို့၏စွမ်းအင်များကိုအီဂျစ်တို့မှကြောက်ရွံ့ခဲ့ကြပြီး၊ထိုသူတို့ကိုကျွန်အဖြစ်သို့သွတ်သွင်းခဲ့ကြသည်။ ထိုအချိန်တွင်ထိုသူတို့ကိုလွတ်ငြိမ်းခွင့်ရရှိစေရန်ကြီးမြတ်သောပညတ်တော်ကိုလက်ခံရရှိခဲ့သော ***‘မောရှေ’***အားထိုနေရာသို့စေလွှတ်တော်မူခဲ့သည်။

အီဂျစ်(အဲဂုတ္တု)လူမျိုးတို့သည်ကံဆိုးမိုးမှောင်ကျမှုများဆက်တိုက်ပေါ်ပေါက်လာမှုတို့ကိုရင်ဆိုင်ခဲ့ကြရပြီးအရေးနိမ့်မှုတို့နောက်ပိုင်းတွင်ဖါရောဘုရင်သည်ထိုသူတို့ကို၎င်း၏တိုင်းပြည်မှအတင်းအကျပ်ပင်ထွက်ခွာစေခဲ့သည်။ ထိုဣသရေလလူမျိုးတို့သည်တောကြီးမျက်မည်းအတွင်းသို့ဝင်ရောက်ကျော်ဖြတ်ခဲ့ကြပြီးမိမိတို့၏မွေးရပ်မြေဒေသသို့တစ်ဖန်ရောက်ရှိခဲ့ကြလေသည်။ ထူးခြားဖြစ်စဉ်မှာ၊ဤဖြစ်ပျက်မှုသည်ဘုရားသခင်မှအာပြဟံကိုဂတိထားတော်မူခဲ့သည့်အရာများထဲမှတစ်ခုကို ***“ကမ္ဘာဦးကျမ်း ၁၅း၁၃–၁၆”*** တွင်ကြိုတင်ဟောကြားထားခဲ့သည့်အတိုင်းသင်ကိုယ်တိုင်ဖတ်ရှုလေ့လာနိုင်ပါသည်။

## ဘုရားသခင်မှဣသရေလလူမျိုးတို့ကိုဂတိသစ္စာပြုတော်မူခြင်း။

ဘုရားသခင်၏ကောင်းကင်တမန်တော်သည်သိနတောင်ပေါ်တွင်နောက်ထပ်ပဋိညာဉ်တစ်ခုကိုပြုလုပ်တော်မူခဲ့သည်။ ဤအချိန်တွင်ဣသရေလလူမျိုးအားလုံးတို့ရှေ့မှောက်တွင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အသွေးဖြင့်ယဇ်ပူဇော်ခြင်းကိုတံဆိပ်ခပ်လျက်၊ဘုရားသခင်၏ညာဏ်ပညာနှင့်ပြည့်စုံသောပညတ်တော်များကိုအဆက်မပြတ်စောင့်ထိန်းခဲ့ကြသောကြောင့်ဣသရေလတိုင်းပြည်၏သေ့ကိုပေးအပ်တော်မူခဲ့

သည်။ နှစ်များကုန်လွန်ပြီးသည့်နောက်တွင်ထိုလူ(ဣသရေလ)လူမျိုးတို့သည်ဂတိတော်မြေ၏ အဝင်အဝတွင်မတ်တတ်ရပ်နေကြစဉ်၊ဘုရားသခင်သည်နှစ်ပေါင်းမြောက်များစွာကျော်လွန်ခဲ့လင့်ကစား၊သူ၏ ဂတိတော်ကိုဘယ်သောအခါမျှဖျက်တော်မူမည်မဟုတ်ကြောင်းကိုမောရှေအားသတိပေးပြောဆိုတော်မူခဲ့သည်။

***"ထာဝရဘုရားသည်သင့်ကိုချစ်သောကြောင့်၎င်း၊ သင်၏ဘိုးဘေးတို့အားကျိန်ဆိုတော်မူသောအကျိန်ကိုမဖျက်လိုသောကြောင့်၎င်း၊ကျွန်ခံနေရာအဲဂုတ္တုပြည်ကိုအစိုးရသောဖါရောဘုရင်လက်မှအားကြီးသောလက်တော်နှင့်သင့်ကိုရွေးနှုတ်ဆောင်ယူခဲ့တော်မူပြီ။ သို့ဖြစ်၍သင်၏ဘုရားသခင်ထာဝရဘုရားသည်မှန်သောဘုရား၊သစ္စာစောင့်သောဘုရား၊ကိုယ်တော်ကိုချစ်၍ပညတ်တော်တို့ကိုစောင့်ရှောက်သောသူတို့၏အမျိုးအစဉ်အဆက်အထောင်အသောင်းတိုင်အောင်ပဋိညာဉ်စကားတည်၍ကရုဏာကိုပြသောဘုရား၊" (တရားဟောရာကျမ်း ၇း၈–၉)***

အထက်ပါပဋိညာဉ်စကားသည်သာမန်ထက်လွန်ကဲသောဖော်ပြချက်ဖြစ်လေသည်။ စံနမူနာအားဖြင့်လူမျိုးဆက်တစ်ဆက်နှင့်တစ်ဆက်၏ သက်တမ်းကွာခြားမှုမှာရာစုနှစ်၏ လေးပုံတစ်ပုံခန့်အချိန်ကာလရှိမည်ဖြစ်သည်။ မျိုးဆက်တစ်ထောင်ဆိုလျှင်အနှစ် ၂၅၀၀၀ ကြာမြင့်မည်ဖြစ်သည်။ သို့ဖြစ်၍ဂတိတော်များကိုဤမျှလောက်ကြာရှည်စွာစောင့်ဆိုင်းနေကြရပါမည်။ ထို့ကြောင့်၊လုံးလုံးစိတ်ချယုံကြည်မှုမှာဘုရားသခင်၏နှုတ်ကပတ်တော်ပင်ဖြစ်သည်။ ဣသရေလလူမျိုးတို့မှာ



ယေရှုသည်**သေခြင်းမှရှင်ပြန်ထမြောက်တော်မူကြောင်း**ကိုအများသိစေရန်ကြေငြာခဲ့ကြလေသည်။ တပည့်စုအပေါင်းတို့သည်သခင်ယေရှုကိုတွေ့မြင်ခဲ့ကြခြင်း၊သူနှင့်အတူစားသောက်ခဲ့ကြခြင်းနှင့်ကောင်းကင်ဘုံသို့တက်ကြွတော်မူခြင်းတို့ကိုကိုယ်တိုင်ကိုယ်ကျမြင်တွေ့ခဲ့ကြလေသည်။ ယခုတိုင်အံ့ဩလန့်ဖျတ်သွားစေသည့်အရာမှာ၊ထိုသူတို့မှဓမ္မဟောင်းကျမ်းစာတော်ရှိနှုတ်ကပတ်တော်ပါသခင်ခရစ်တော်နှင့်ပတ်သက်ပြီးဖေါ်ပြနိုင်စွမ်းရှိကြသကဲ့သို့အယောက်စီတိုင်းမှာလည်းဤအချက်ကိုအလွန်ကောင်းမွန်စွာသိရှိထားကြသည့်အရာမှာ**မေရှိယသခင်သည်လက်ဝါးကားတိုင်တွင်အသေခံဖို့ရန်အကြံအစည်ရှိခဲ့ပြီးသုံးရက်မြောက်သောနေ့၌သေခြင်းမှပြန်လည်ရှင်ပြန်ထမြောက်လိမ့်မည်ဖြစ်ကြောင်း**ကိုသိရှိထားကြခြင်းပင်ဖြစ်သည်။ မှားယွင်းခြင်းတစ်စုံတစ်ရာမရှိခဲ့ပါ။ ဤအလုံးစုံသောအရာများမှာ၊ဘုရားသခင်၏ အကြံအစည်တော်ပင်ဖြစ်သည်။ တံငါသည်ဖြစ်သော၊ရှင်ပေတရုက၊

***"ခရစ်တော်သည်အသေခံရမည်ဟုပရောဖက်အပေါင်းတို့သည်ဟောပြော၍၊ဘုရားသခင်ဘော်ပြတော်မူနှင့်သောအမှုကိုထိုသို့အားဖြင့်ပြီးစီးတော်မူပြီ။ ထို့ကြောင့်၊ထာဝရဘုရားထံတော်မှချမ်းသောအချိန်ကာလသည်ရောက်လာ၍၊သင်တို့အဘို့အလို့ငှါခန့်ထားတော်မူနှင့်သောယေရှုခရစ်ကိုစေလွှတ်တော်မူမည်အကြောင်း၊သင်တို့အပြစ်များကိုပြေစေခြင်းငှါနောင်တရ၍စိတ်ပြောင်းလဲခြင်းသို့ရောက်ကြလော့။ ကမ္ဘာဦးမှစ၍သန့်ရှင်းသောပရောဖက်ဆရာတော်တို့နှုတ်ဖြင့်ဘုရားသခင်ဗျာဒိတ်ထားတော်မူသောထိုကပ်ကာလ၊အလုံးစုံသောအရာတို့ကိုအသစ်ပြုပြင်တော်မူသောကပ်ကာလမရောက်မှီတိုင်အောင်***

လူတို့သည်၊ ၎င်းတို့၏ ကံကြမ္မာဆိုးအတွက်အလွန်စိတ်ပျက်ခဲ့ကြလေသည်။ သခင်ယေရှုသည်နိုင်ငံရေးနှင့်ပတ်သက်ပြီးချည်နှောင်ခြင်းတို့ကိုငြင်းပယ်၍လှည့်လည်သွန်သင်သူအဖြစ်နေမြဲတိုင်းနေထိုင်တော်မူခဲ့သည်။ သူ၏ ရန်သူများဖြစ်ကြသောဣသရေလဘာသာရေးခေါင်းဆောင်များသည်သခင်ယေရှု၏ ရေပန်းစားလူကြိုက်များမှုကိုမနာလိုကြပြီး၊သူ့အားသေစေရန်အောင်မြင်စွာလှို့ဝှက်ကြံစည်ခဲ့ကြလေသည်။ သုံးနှစ်ပြည့်ပြီးသည့်နောက်ပိုင်းတွင်သူ၏ ပုံသက်သေကောင်းနှင့်တည်ညိမ်သောသွန်သင်မှုများကြောင့်သူ့ထံတွင်ထောင်နှင့်ချီသောလူတို့ကိုအသွင်သဏ္ဍာန်ပြောင်းလဲစေတော်မူခဲ့၍၊ထိုသူတို့နှင့်အတူတကွနေထိုင်တော်မူလျှက်၊သစ္စာဖောက်ခြင်းကိုခံခဲ့ရပြီးရာဇဝတ်သားကဲ့သို့သေဒဏ်စီရင်ခြင်းကိုခံခဲ့ရလေသည်။ ဂျူးလူမျိုးတို့မှာလည်းတစ်စုတစ်ဝေးနေထိုင်နိုင်ခြင်းမရှိဘဲလူစုကွဲသွားကြလေသည်။ သခင်ယေရှု၏ ကိုယ်ခန္ဓာတော်သည်လည်းပေါ် ထွက်လာမှုမရှိတော့သောကြောင့်၊ဒါဝိဒ်မင်း၏ ရာဇပလ္လင်သည်လည်းလစ်လပ်လျှက်ပင်ရှိနေပါသည်။ ဘုရားသခင်သည်ဂတိတော်ကိုထပ်မံ၍ပြုလုပ်လျက်ရှိတော်မူခဲ့သော်လည်း၊ယင်း၌မည်သည့်အရာမျှဖြစ်ပေါ် လာခြင်းကိုမတွေ့ရှိရပါ။ ရက်သတ္တပါတ်ခြောက်ပတ်စလုံးယေရုရှလင်မြို့သည်တိတ်ဆိတ်ညိမ်သက်စွာအိပ်ပျော်သကဲ့သို့ဖြစ်ခဲ့လေသည်။

## လျှို့ဝှက်နက်နဲသောအရာကိုဖွင့်ဟထုတ်ဖော်ခြင်း၊

ရုတ်တရက်ပင်၊ထိုမြို့တော်ကြီးသည်အံ့သြဖွယ်ရာသတင်းစကားဖြင့်ပြန်လည်နိုးထခဲ့လေသည်။ သခင်ယေရှု၏ တပည့်တော်များသည်ရှေးယခင်ကပရောဖက်များလှို့ဆော်သည့်နည်းတူသန့်ရှင်းသောဝိညာဉ်တော်တန်ခိုးတော်နှင့်ပြည့်ဝလျက်ရှိနေကြသည့်အပြင်သခင်



ဂျော်ဒန်မြစ်ကိုဖြတ်ကျော်ကြ၍တောင်ကုန်းရှိမိခင်မြေ၏ ကောင်းသောစားကျက်သို့ရောက်ရှိကြစဉ်တွင်ဘုရားသခင်၏ မြောက်များစွာသောဂတိတော်များစွာမှာတုန်လှုပ်ဖွယ်ရာမရှိဘဲအမှန်တကယ်ဖြစ်ပေါ် လာခဲ့သည်။

ကျွန်တော်တို့သည်သင့်တင့်လျောက်ပတ်စွာအကျိုးမဖြစ်ထွန်းခဲ့သောနှစ်ပေါင်းအချို့ကိုဖြတ်သန်းသွားရာဣသရေလတို့၏ ဘုရင်စနစ်ခေတ်သို့ရောက်ရှိလာကြပြီးဖြစ်လေသည်။ ဆာလံကျမ်းကိုရေးသားပြီးလူသိရှင်ကြားဖြစ်နေသောဒါဝိဒ်မင်းသည်အာဗြဟံကဲ့သို့ပင်ယုံကြည်ခြင်းအရာ၌အလွန်ပြင်းထန်ခဲ့သောသူဖြစ်ခဲ့သည်။ ဒါဝိဒ်မင်း၏ တစ်စုံတစ်ရာသောချစ်ခြင်းမေတ္တာသည်ဘုရားသခင်အတွက်ဖြစ်ပြီး၊ သူ၏ ဖြောင့်မတ်ခြင်းနှင့်မှန်ကန်ခြင်းတို့အပေါ် သူ၏ ဇွတ်တရွတ်နိုင်မှုသည်သူ၏ ရေးသားချက်၌ပေါ် ထွက်လာလေ့ရှိလေသည်။ အာဗြဟံအားသမ္မာကျမ်းစာတွင် ***“ဘုရားသခင်၏ မိတ်ဆွေ(အဆွေ)”*** ဟုမကြာခဏညွှန်ပြလျှက်ရှိသကဲ့သို့ဒါဝိဒ်မင်းမှာမူ၊ဘုရားသခင်သည်၊ ***“ငါ့နှလုံးအလိုကိုလိုက်လျှော်သူ”*** ဟုမိန့်တော်မူလေ့ရှိပါသည်။ ထိုသူတို့၏ ဂုဏ်ရည်ကိုဖော်ပြသောထိုနာမဝိသေသနှစ်ခုစလုံးသည်ချွင်းချက်မရှိသောအမှတ်လက္ခဏာကဲ့သို့ဖြစ်နေပါသည်။

ကြမ်းတမ်းသောခရီးသွားနေခြင်းကာလအတောအတွင်းတွင်၎င်း၊ထိုဒေသကိုသိမ်းပိုက်ပြီးသည့်နောက်တွင်၎င်း၊ထိုသူတို့သည်ရွှေ့လျားနိုင်သောအဆောက်အဦးနှင့်တူညီသောဝတ်ပြုကိုးကွယ်ရာတဲတော်၌သာဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ခဲ့ကြရလေသည်။ ယခုထိုအမျိုးသားများသည်ယေရုရှလင်မြို့၌မြို့တော်တစ်ခု၊ဘုရင်တစ်ပါးတို့နှင့်

အတူခိုင်မြဲစွာတည်ထောင်ခဲ့ကြပြီးဖြစ်သည်။ ဒါဝိတ်မင်းသည်ဘုရားသခင်အတွက်အထွဋ်အမြတ်နေရာတွင်ထာဝစဉ်ဗိမာန်တော်တစ်ခုတည်ဆောက်ဖို့ရန်စိတ်ကူးကောင်းတစ်ခုကိုရရှိခဲ့လေသည်။ ဤစိတ်ကူးနှင့်ပတ်သက်၍ပရောဖက်နာသန်အားအကြံပြုခဲ့ရာသူ၏ သားဖြစ်သူမှရာဇပလ္လင်ပေါ်တွင်ထိုင်သည့်ကာလတိုင်အောင်ထိုအစီအမံအားဘေးဖယ်ထားရှိခဲ့သောကြောင့်၊သူသည်အလွန်စိတ်ပျက်သွားခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ၊ဒါဝိတ်မင်းသည်ဘုရားသခင်၏ဂုဏ်တော်အတွက်ဆက်နွယ်ပတ်သက်မှုကိုစိတ်တော်အားထိတွေ့သည်ဟုနာသန်ကပြောဆိုပြီး၊ဘုရားသခင်သည်ဒါဝိဒ်မင်းနှင့်သူ၏မိသားစုအတွက်ကြီးကျယ်ခမ်းနားသောဂတိတော်ကိုအပြန်အလှန်အားဖြင့်ပေးတော်မူခဲ့သည်။ ***(ဓမ္မရာဇဝင်ဒုတိယစောင် ၇)***၊ ယင်းအရာမှာ၊အာဗြဟံနှင့်တစ်ကြိမ်ပြုလုပ်တော်မူခဲ့သောပဋိညာဉ်ကဲ့သို့ပင်တူညီနေပါသည်။

## ဒါဝိတ်မင်းနှင့်ပဋိညာဉ်ပြုခြင်း။

အမှန်အားဖြင့်ဆိုရသော်၊ယင်းသည်အလေးအမြတ်ထားရသောဂတိတော်တစ်ခုဖြစ်ပါသည်။ ယင်းမှာဒါဝိဒ်မင်းနှင့်ပြုသောပဋိညာဉ်ပင်ဖြစ်လေသည်။အာဗြဟံနှင့်ထားရှိခဲ့သောဂတိတော်မျိုးနှင့်တူညီနေသော်လည်း၊ယင်းသည်ရိုးစင်မှု၊လက်တွေ့ဆံသောတွေးခေါ်မှုများ၊လို့ဝှက်ချက်တို့နှင့်အတူပဟေဠိဆန်သောအရာများရှိနေသဖြင့်ဒါဝိဒ်မင်းအားနှစ်ပေါင်းများစွာရှုပ်ထွေးစေမှုဖြစ်စေခဲ့သည်။ ဥပမာတစ်ခုကို ***"ဓမ္မရာဇဝင်ဒုတိယစောင် ၇"***တွင်ရယူနိုင်သည်မှာသူ့အဖို့ဘုရားသခင်၏နှုတ်ကပတ်တော်ရောက်ရှိလာပြီဖြစ်ကြောင်းကိုနာသန်ကဒါဝိဒ်မင်းအားပြောဆိုပြီး၊–



ကြီးမင်္ဂလာမျိုးဖြစ်သည်ကိုလေ့လာကြရပါသည်။ သို့ဖြစ်၍၊တုန်လှုပ်ချောက်ခြားဘွယ်ရာမရှိ၊အေးချမ်းစွာဖြင့်ဣသရေလလူမျိုးနှင့်တကမ္ဘာလုံးမှအားထားရမည့်သူတစ်ဦးသည်၊သူ၏ဘိုးဘွားဘီဘင်ဖြစ်သောဒါဝိဒ်မင်း၏မြို့ရှိနွားတင်းကုပ်တွင်မွေးဖွားခဲ့ပါသည်။

## ခရစ်တော်၏သာသနာပြုလုပ်ငန်းစဉ်၊

သခင်ယေရှုသည်လူများကိုဘုရားသခင်၏ဒေသနာတော်ကိုစတင်ဟောကြားတော်မူသည့်အချိန်၊သက်တော်မှာ ၃၀ နှစ်ဖြစ်တော်မူပြီး၊သူ၏ဟောပြောသွန်သင်ချက်များသည်ယုဒလူမျိုးတို့၌ကြီးမားသောမျှော်လင့်ခြင်းအရာများဖြစ်ပေါ်လာခဲ့လေသည်။ သူ၏နောက်လိုက်များကသူ့အား၊ **"မေရှိယ (သို့မဟုတ်)လွှတ်ခြင်းအခွင့်ကိုပေး၍ကယ်တင်ဖို့ရန်ရောက်ရှိလာသောဘိသိက်ပေးသောသူ"**ဟုခေါ်ဆိုခဲ့ကြသည်။ ဂရိ ဘာသာဖြင့်ရေးသားထားသောဓမ္မသစ်ကျမ်းစာတွင်ဖေါ်ပြထားသော**"ခရစ်တော်(Christ)** (သို့မဟုတ်) **ခရစ်စတိုး(စ)(Christos)**သည်တူညီသောနာမတော်နှင့်ဓမ္မဟောင်းကျမ်းတွင်ပါရှိသော **"မေရှိယ"** ဟူသောနာမတော်တို့သည်ညီတူညီမျှပင်ဖြစ်သည်။ ထိုအချိန်ကအယောက်စီတိုင်းမှာ၊ခရစ်တော်သည်ရောမအစိုးရကိုစိန်ခေါ်၍ဣသရေလတိုင်းပြည်ကိုအတည်တကျဖြစ်စေပြီးတိုင်းပြည်အားရန်သူများထံမှလွတ်မြောက်ခြင်းအခွင့်ကိုရယူပြီး၊မိမိတို့၏ရာဇပလ္လင်ကိုပြန်လည်ရယူလိုသောမျှော်လင့်ချက်မျိုးကိုထားရှိခဲ့ကြလေသည်။ သူ၏သာမန်ထက်လွန်ကဲသောအနာရောဂါဝေဒနာညိမ်းစေသည့်နိမိတ်လက္ခဏာများကိုသာပြုလုပ်တော်မူခဲ့သည့်အတွက်သူသည်ဘုရားသခင်မှစေလွှတ်သောသူဖြစ်သည်ဆိုခြင်းကိုပိုမိုခိုင်မာစွာယုံကြည်ကြလေသည်။

ညာဥ်ပြုခဲ့သောအရာကိုဖြည့်စွမ်းဖို့ရန်ဖြစ်လာပါသည်။ သူသည်၊သူမ(မာရိ)၏ မိသားစုမျိုးနွယ်ဒါဝိဒ်မှဆင်းသက်မွေးဖွားခဲ့သူဖြစ်သကဲ့သို့ တစ်ချိန်တည်းမှာပင်ဘုရားသခင်၏ သားတော်ဖြစ်ပြီး၊ဘုရားသခင်မှ၊ ***"ငါသည်သူ၏ ခမည်းတော်ဖြစ်လိမ့်မည်။"*** ဟုဒါဝိဒ်ကိုမိန့်တော်မူထားပြီး၊ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးတော်သည် ယေရှုကိုမွေးဖွားဖို့ရန်သယ်ဆောင်တော်မူခဲ့သည်။ ထို့အပြင်၊ပရောဟိတ်ယေရမိက၊ဤသို့ဂတိပြုခဲ့သည်မှာ၊

***"ဣသရေလနန်းတော်ပေါ်မှာထိုင်ရသောဒါဝိတ်မင်းရိုးမင်းစဉ်သည်အလျှင်းမပြတ်ရ။ (ယေရမိအနာဂတ္တိကျမ်း ၃၃း၁၇)***

ကောင်းကင်တမန်ကလည်းသခင်ယေရှုအား၊သူသည် ***"အစဉ်မပြတ်အုပ်စိုးလိမ့်မည်"*** ဟုပြောဆိုခဲ့ လေသည်။ နောက်ဆုံးတွင်မူ၊ဒါဝိဒ်သည်အာဗြဟံမျိုးနွယ်မှဆင်းသက်လာခဲ့ပြီး၊သခင်ယေရှုသည် အာဗြဟံ၏ လူမျိုးအပေါင်းအဖို့ကောင်းကြီးမင်္ဂလာဂတိတော်မျိုးရိုးစဉ်ဆက်တွင်ရပ်တည်ခဲ့သူဖြစ်လေသည်။

***"ထိုသားသည်မိမိလူတို့ကို အပြစ်မှကယ်ချွတ်မည်သူဖြစ်သောကြောင့်၊...."  (ရှင်မဿဲခရစ်ဝင်ကျမ်း ၁း၂၁)***

ဟုကောင်းကင်တမန်ကသူ၏ နာမတော်ကိုရှင်းလင်းဖော်ပြခဲ့လေသည်။ လူတို့အားဝမ်းနည်းခြင်းကိုသယ်ဆောင်ပေးသည့်ကြောက်မက်ဖွယ်ရာကောင်းသောဒုစရိုက်အပြစ်ဝန်ထုပ်ကြီး၊ရောဂါဘယနှင့်လူတို့သေခြင်းတို့ကိုဖယ်ရှားပစ်ဖို့ရန်အဘယ်မျှလောက်ကြီးမားသောကောင်း



***"သင်၏ အမျိုးအနွယ်ကိုလည်းငါတည်စေမည်ဟုထာဝရဘုရားမိန့်တော်မူပြီ။"  (ငယ် ၁၁)***

ဤအရာကိုကြည့်ရှုရသည်မှာ၊အဆန်းဖြစ်နေလေသည်။ အကြောင်းမှာ၊ဘုရားသခင်၏ အိမ်တော်ကိုတည်ဆောက်ပေးလိုသူမှာဒါဝိဒ်မင်းပင်ဖြစ်သောကြောင့်ဖြစ်သည်။ သို့သော်၊ပရောဖက်နာသန်ဆက်လက်ဖော်ပြခဲ့သည်မှာ၊ဘုရားသခင်၏ စိတ်တော်၌ရှိသောအရာမှာခြားနားသောအိမ်တော်ပင်ဖြစ်သည်မှာသိသာထင်ရှားနေပါသည်။

***"သင်၏ ရင်သွေး၊သင်မှဆင်းသက်သောသားကိုငါချီးမြှောက်၍သူ၏ နိုင်ငံကိုတည်ထောင်မည်။ ထိုသားသည်ငါ၏ နာမအဘို့အိမ်ကိုဆောက်လိမ့်မည်။ သူထိုင်သောရာဇပလ္လင်ကိုအစဉ်အမြဲငါတည်စေမည်။"  (ငယ် ၁၂၊၁၃)***

ရာဇပလ္လင်ပေါ်သို့ထိုင်နိုင်ဖို့ရန်အထိအောင်မြင်ခဲ့သောဒါဝိဒ်မင်း၏ သား**ရှောလမုန်**တွင်ထိုဂတိတော်၏ အတိုင်းအတာမှာအံဝင်ခွင်ကျဖြင့်သပ်သပ်ယပ်ယပ်ရှိခဲ့ပါသည်။ သို့သော်၊ဘုရားသခင်မှဆက်လက်မိန့်တော်မူရာတွင်၊–

***"ငါသည်သူ၏ အဘဖြစ်မည်။ သူသည်လည်းငါ၏ သားဖြစ်လိမ့်မည်။" (ငယ် ၁၄)၊***

ဤနေရာတွင်အကျဉ်းအကြပ်တွေ့နိုင်စေသောမေးခွန်းပေါ်လာပါသည်။ **ဒါဝိဒ်မင်း၏ သားဆိုသူမှာမည်သူတစ်ဦးတစ်**

**ယောက်အားညွှန်ပြရခြင်းဖြစ်သနည်း?** ယင်းအရာသည်အလွန်နက်နဲသောအရာဖြစ်ပါသည်။ နောက်ဆုံးတွင်အထွဋ်အထိပ်ဖြစ်သောဂတိတော်သည်ရောက်ရှိခဲ့ပြီးဖြစ်လေသည်။

***"သင်၏အမျိုးအနွယ်နှင့်၊သင်၏နိုင်ငံသည်ငါ့ရှေ့မှာအစဉ်အမြဲတည်လိမ့်မည်။ ....ဟုငါ့ကျွန်ဒါဝိဒ်အားပြောလော့ဟုမိန့်တော်မူ၏။" (ငယ် ၁၆)***

ဒါဝိဒ်မင်း၏ အိမ်တော်ဆိုသည်မှာ၊သူ၏ အမျိုးအနွယ်ကိုဆိုလိုရင်းဖြစ်သည်။ ထိုဂတိတော်သည်နှစ်တစ်ရာအထိမျှသာလျှင်မဟုတ်ဘဲ၊အစဉ်အမြဲ(ထာဝစဉ်)တည်တံ့ခြင်းကိုဖေါ်ပြခဲ့ခြင်းဖြစ်သည်။ ယင်းသည်ပဋိညာဉ်တစ်ခုဖြစ်ပြီး၊ဒါဝိတ်မင်းအဖို့သူ၏ ဘဝတစ်သက်တာလုံးအတွက်အလွန်ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ သူသည်**ဆာလံကျမ်း**တွင်ရေးသားထားချက်မှာ၊–

***"အကျွန်ုပ်သည်ထာဝရဘုရား၏ကရုဏာတော်ကိုအစဉ်အမြဲသီချင်းဆိုပါမည်။....ငါ၏ပဋိညာဉ်တရားကိုလည်းမရှုတ်ချ။ ငါမိန့်မြွက်သောစကားလည်းဖေါက်ပြန်ခြင်းမရှိရ။ ငါသည်ဒါဝိဒ်ကိုမလှည့်စားဟုငါ၏သန့်ရှင်းခြင်းပါရမီကိုတိုင်တည်၍တခါကျိန်ဆိုပြီ။ သူ၏အမျိုးအနွယ်သည်အစဉ်အမြဲတည်ရမည်။ သူ၏ပလ္လင်သည်လည်း၊ငါ့ရှေ့၌နေကဲ့သို့ဖြစ်ရမည်။ (ဆာလံကျမ်း ၈၉ ၁ နှင့် ၃၄–၃၆)***

နောက်တစ်ဖန်၊ဘုရားသခင်သည်သူ၏ဂုဏ်တော်၌ဂတိတော်



စဉ်းစားကြည့်ကြပါစို့။ ကောင်းကင်တမန်မှပြောဆိုခဲ့သည်မှာ၊–

***"ထိုသားသည်ကား၊ကြီးမြတ်သောသူဖြစ်လိမ့်မည်။ အမြင့်ဆုံးသောဘုရား၏သားတော်ဟုခေါ်ဝေါ်သမုတ်ခြင်းကိုခံရလိမ့်မည်။'သူ့အဘဒါဝိဒ်၏ရာဇပလ္လင်ကိုထာဝရအရှင်ဘုရားသခင်သည်သူ့အားပေးတော်မူလိမ့်မည်။ ထိုသူသည်လည်း၊ယာကုပ်အမျိုးအနွယ်ကိုအစဉ်မပြတ်အုပ်စိုးလိမ့်မည်။ သူ၏နိုင်ငံသည်လည်းဆုံးခြင်းမရှိရဟုပြောဆို၏။"(ရှင်လုကာခရစ်ဝင်ကျမ်း ၁း၃၁–၃၃)***

ဤနေရာတွင်မှားယွင်းခြင်းတစ်စုံတစ်ရာမရှိပါ။

**() ထိုအရာသည်ဓမ္မဟောင်းကျမ်းပါဂတိတော်များနှင့်ဆက်နွှယ်မှုများရှိနေပါသလား?**

***"...သန့်ရှင်းသောဝိညာဉ်တော်သည်သင်၏အပေါ်မှာသက်ရောက်တော်မူ၍၊အမြင့်ဆုံးသောဘုရား၏တန်ခိုးအာနုဘော်တော်သည်သင့်ကိုလွှမ်းမိုးလိမ့်မည်။ ထိုအကြောင်းကြောင့်ထိုသန့်ရှင်းသောသားသည်လည်း၊ဘုရားသခင်၏သားတော်ဟုခေါ်ဝေါ်သမုတ်ခြင်းကိုခံရလိမ့်မည်။"(ရှင်လုကာခရစ်ဝင်ကျမ်း ၁း၃၅)*** ဟူ၍အဆုံးသတ်ထားရှိပါသည်။

ရာစုနှစ်များစွာ၏လျို့ဝှက်နက်နဲသောအရာသည်တစ်ချက်တည်းနှင့်လွယ်ကူစွာနားလည်လာပါသည်။ မာရိမှမွေးဘွားသောသားယေရှုသည်ပြိုင်ဘက်ကင်းခြင်းဖြင့်မွေးဖွားလာခဲ့ပြီးဒါဝိဒ်နှင့်အတူပဋိ

တို့တွင်အံ့ဩဖွယ်ရာမျှော်လင့်ခြင်းများမှာအမှန်တကယ်ရှိကောင်းရှိကြပါလိမ့်မည်။ ဖမ်းဆီးသိမ်းပိုက်ခံခဲ့ကြပြီးသည့်နောက်ပိုင်းတွင်လည်း၊ ၎င်းတို့၏ အသက်တာမှာနဂိုအတိုင်းနှင့်မတူခဲ့ပါ။ ထိုသူတို့မှာမိမိတို့၏ အုပ်စိုးသူကေရာဇ်အရှင်သခင်များလက်အောက်တွင်ပေးဆောင်ရသော အခွန်အခများကြီးမြင့်မှုကြောင့်ညည်းညူကြရသကဲ့သို့နှစ်များကျော်လွန်ပြီးသည့်နောက်ပိုင်းတွင်လည်း၊တောင်ပိုင်းနှင့်မြောက်ပိုင်းစစ်တပ်များ၏ ဝင်ရောက်ကျူးကျော်မှုနှင့်ထုထောင်းခံရမှုများကိုလည်းရင်ဆိုင်ခဲ့ကြရလေသည်။ ထိုကြောင့်၊ထိုသူတို့၏ ကျန်ရှိခဲ့သောကြီးမားသည့်အုပ်စုဝင်ညီအစ်ကိုနိုင်ငံသားများထဲမှဝေးရာသို့လူစုကွဲသွားကြခါ၊လှည့်လည်သွားလာနေထိုင်ကြရလေသည်။ ထိုအချိန်တွင်ဒါဝိဒ်မင်း၏ ရာဇပလ္လင်ကိုအမွေဆက်ခံဖို့ရန်အတွက်မည်သည့်ဘုရင်မှမရှိခဲ့ပါ။

## သခင်ယေရှုကြွလာတော်မူခြင်း၊

ယုဒအမျိုးအနွယ်မှမိန်းမငယ်တစ်ဦးသည်တစ်စုံတစ်ယောက်နှင့်စေ့စပ်လမ်းကြောင်းထားပြီးလက်ထပ်ခြင်းမပြုရသေးခင်အချိန်၊တစ်နေ့သ၌ထိုအမျိုးသမီးငယ်သည်နာဇရက်မြို့ရှိသူမ၏ နေအိမ်တွင်နေထိုင်နေစဉ်တံခါးခေါက်သံကြား၍အံ့ဩသွားခဲ့ပြီး၊ဘုရားသခင်အထံတော်မှစေလွှတ်သောဘုရားသခင်၏ ကောင်းကင်တမန်ကိုသူမြင်တွေ့ခဲ့ရလေသည်။ ထိုအချိန်တွင်ကောင်းကင်တမန်ကလည်း၊– ***"သင်သည်ပဋိသန္ဓေစွဲယူ၍သားယောကျ်ားကိုဘွားမြင်လိမ့်မည်။"*** ဟုပြောဆိုပြီး၊ဆက်လက်၍၊ ***"ထိုသားကိုယေရှုအမည်ဖြင့်မှည့်ရမည်။"*** ဟုပြောဆိုခဲ့ပါသည်။ ယင်းစကားရပ်သည်ကျွန်တော်တို့၏ **ခရစ္စမတ်ပွဲတော်**တွင်နှစ်စဉ်ကြားနေရသောစကားလုံးများပင်ဖြစ်သည်။ ကျန်ရှိနေသောသတင်းစကားများကိုလည်းယခုအချိန်တွင်လေးလေးနက်နက်



များပြုလုပ်တော်မူခဲ့ပြီး၊ရပ်တန့်ခြင်းလုံးဝမရှိခဲ့ပါ။ ထာဝရဘုရားသည်သူ၏ နှုတ်ထွက်တော်ဂတိများကိုစောင့်ရှောက်လျက်ရှိလိမ့်မည်ဟုဒါဝိဒ်မင်းမှတွေးထင်ရင်းအာဗြဟံကဲ့သို့ပင်ယုံကြည်ခြင်းဖြင့်သေဆုံးခဲ့လေသည်။ တမန်တော်ရှင်ပေတရုပြောဆိုထားရှိသည်မှာ၊–

***"ထိုသို့သောအားဖြင့်လည်းအလွန်ကြီးမြတ်၍အဘိုးထိုက်သောဂတိတော်များကိုငါတို့၌ပေးအပ်တော်မူပြီ။" (ရှင်ပေတရုဩဝါဒစာဒုတိယစောင် ၁း၄)***

ယင်းမှာပျော်ရွှင်ခြင်းဖြင့်အဆုံးသတ်သည့်စံနမူနာဖြစ်သည်။

## ဂတိတော်များပြန်လည်ပေးအပ်ခြင်း။

ဒါဝိတ်မင်း၏ သားတော်ရှောလမုန်သည်ဘုရားသခင်အဖို့အိမ်တော်ကိုယေရုရှလင်မြို့တွင်တည်ဆောက်ခဲ့ရာ၊ကြီးကျယ်ခမ်းနားခြင်းနှင့်တန်ဖိုးမြင့်သောဗိမာန်တော်ဖြစ်ပြီး၊နှစ်ပေါင်းရာကျော်ရပ်တည်နိုင်ခဲ့ပေသည်။ သူသေဆုံးသည့်အခါတွင်၊ဝမ်းနည်းကြေကွဲဖွယ်ရာကောင်းသောပြည်တွင်းစစ်ကြောင့်၊တိုင်းပြည်မှာ**နှစ်ခြမ်း**ကွဲသွားရပြီး၊တိုင်းသူပြည်သားများမှာမူ၊ယှဉ်ဘက်ဖြစ်ကြသော**ဘုရင်နှစ်ပါး**၏ အုပ်ချုပ်မှုကိုခံခဲ့ကြရလေသည်။

အချိန်ကာလများ၊ကျော်လွန်ပြီးသည့်နောက်တွင်၊သူတို့၏ ဝိညာဉ်ခွန်အားများမှာဆုတ်ယုတ်လာခဲ့ပြီး၊ဘုရားသခင်၏ ပညတ်တော်များကိုလည်းမည်သူမှအသုံးပြုလိုက်နာခြင်းမရှိကြတော့ဘဲစွန့်ပစ်ထားခဲ့ကြလေတော့သည်။

အများအားဖြင့်၊ယေရုရှလင်မြို့၏မြို့တော်နှင့်ဗိမာန်တော်တို့ကိုဆက်လက်ရယူထားရှိသူ၊ယုဒအမျိုးအနွယ်နှင့်ဗင်္ယာမိန်အမျိုးအနွယ်တို့အကြားတွင်နိုးကြားသူများအချိန်တိုင်းလိုလိုတွင်ပေါ် ပေါက်လျက်ရှိခဲ့ကြလေသည်။ သို့သော်၊ဂုဏ်သိက္ခာနှင့်သက်ဆိုင်သောအဆင့်များသည်တဖြည်းဖြည်းဆုတ်ယုတ်လာပြီးဘုရားသခင်၏ သီးခံတော်မူခြင်းသည်လည်းကုန်ဆုံးသွားပြီးဖြစ်လေသည်။ ဣသရေလတို့၏ နယ်မြေရပိုင်ခွင့်သည်ဘုရားသခင်အားနာခံမှုအပေါ် တွင်မူတည်နေခဲ့ပြီး၊ထိုသူတို့သည်ချမှတ်ထားကြသောစည်းကမ်းချက်များကိုချိုးဖောက်ခဲ့ကြပြီးမတော်မလျော်သောအမှုများကိုလည်းထင်ရှားစေခဲ့ကြလေသည်။ ဤအရာသည်ပရောဖက်များပေါ် ထွန်းလာသောခေတ်ပင်ဖြစ်သည်။ ဘုရားသခင်၏ နာမတော်ဖြောင့်မတ်သည့်အတိုင်းဘုရားသခင်သည်အကန့်အသတ်မရှိသောသနားခြင်းကရုဏာတော်ကိုပြသတော်မူခါ**အထူးသံတမန်တော်များ**ကိုပေါ် ပေါက်စေခြင်းဖြင့် ၎င်း၊**သန့်ရှင်းသောဝိညာဉ်တော်**အားဖြင့်၎င်း၊ထိုသူတို့ မှာရုတ်တရက်ကျရောက်သောဘေးဥပါဒ်အန္တရာယ်များဆီသို့ ဦးတည်လျှောက်လှမ်းနေကြမှုတို့၌ထိုသူတို့ကိုသတိပေးလှုံ့ဆော်မှုများရှိခဲ့လေသည်။

ထိုသတိပေးချက်များတွင်အကျိုးသက်ရောက်မှုတစ်စုံတစ်ရာမရှိခဲ့ပါ။ နောက်ဆုံးတွင်မူထိုလူမျိုးဆယ်ပါးသည်**အာရှုရိလူမျိုး**တို့၏ကျူးကျော်တိုက်ခိုက်မှုကိုခံခဲ့ကြရလေသည်။ ထိုဒေသမှတစ်စုလုံးနှင်ထုတ်ခြင်းကိုခံခဲ့ကြရလေသည်။ နောက်ရာစုနှစ်ဝက်ခန့်တွင်ကျန်ရှိသောလူမျိုးနှစ်ပါးသည်လည်း**ဗာဗုလုန်မြို့**သို့ဖမ်းဆီးခေါ် ဆောင်ခံခဲ့ကြရသည်။ ယင်းကိုကြည့်ရသည်မှာ၊အမှန်ပင်နောက်ဆုံးသောကာလ



***"ငါ၏ကျွန်ယာကုပ်အားငါပေး၍၊သင်တို့ဘိုးဘေးများနေဘူးသောပြည်၌သူတို့နှင့်သားမြေးအစဉ်အဆက်တို့သည်နေကြလိမ့်မည်။ ငါ၏ကျွန်ဒါဝိဒ်သည်လည်းသူတို့ကိုအစဉ်အမြဲစိုးစံလိမ့်မည်။" (ယေဇကျေလအနာဂတ္တိကျမ်း ၃၇း၂၅)***

ဘုရားသခင်သည်သူ၏ လူများအဖို့ဘုရားသခင်၏ အာမခံချက်တွင်ကြည်လင်ပြတ်သားမှုနှင့်စွမ်းပကားများရှိခြင်းတို့တွင်မှားယွင်းခြင်းတစ်စုံတစ်ရာမရှိခဲ့ပါ။ မည်သို့ပင်ဖြစ်စေ၊လတ်တလောတွင်မှောင်မိုက်ခြင်းတွင်ရှိခဲ့ကြသော်လည်း၊ထိုသူတို့တွင်အလွန်သေချာသောအရာတစ်စုံတစ်ခုကိုစောင့်မျှော်ကြည့်ရှုနေခဲ့ကြလေသည်။

ဣသရေလလူမျိုးတို့သည်ဗာဗုလုန်မြို့တွင်ရာစုနှစ်၏ လေးပုံသုံးပုံကာလ(၇၅)နှစ်ခန့်မှဖမ်းဆီးခံခဲ့ရလေသည်။ ထိုဗာဗုလုန်မြို့မှာတော်လှန်ခံခဲ့ရပြီး၊**ပေရသိ**(persians)ဘုရင်မှဗာဗုလုန်အင်ပါယာကိုသိမ်းပိုက်ခဲ့လေသည်။ ထိုဘုရင်သစ်နန်းစံကာလပထမနှစ်တွင်ထိုဘုရင်မှယုဒလူမျိုးများနှင့်၎င်းတို့နှင့်ဆက်နွယ်နေသောမည်သူ့ကိုမဆိုမိမိတို့၏ မိခင်ဌာနေသို့ပြန်လည်သွားရောက်နိုင်သည့်အလွန်ငြိမ်းချမ်းသောခွင့်ပြုမိန့်တစ်ခုကိုထုတ်ပြန်ကြေငြာခဲ့လေသည်။ မြောက်များစွာတို့မှာထွက်ခွာခဲ့ကြပြီး၊ထိုသူတို့မှာနှလုံးကြေကွဲလျက်၊ထိုသူတို့၏ စည်းစိမ်ပျက်စီးယိုယွင်းခဲ့သောအိမ်ယာအဆောက်အဦးများပြန်လည်တည်ဆောက်ကြဖို့ရန်တာဝန်များကိုအစပြုခဲ့ကြလေသည်။

မေရှိယသခင်သည်ထိုသူတို့အတွက်လွယ်ကူသက်သာသောအသက်တာများပြုလုပ်ဖို့ရန်ပေါ် ထွန်းလာမည်မလာမည်ဆိုသည်ကိုထိုသူ

မည်ဟုပရောဖက်နှစ်ပါးစလုံးမှသေချာစွာဟောကြားခဲ့ခြင်းပင်ဖြစ်သည်။

**ယေဇကျေလ၏နိုင်ငံတော်နှင့်သက်ဆိုင်သော ဗျာဒိတ်ရူပါရုံ၊**

နောက်ဆုံးတွင်ကျွန်တော်တို့သည်မကြာမီကာလအထိအသက်ရှင်နေထိုင်သွားခဲ့သောယေဇကျေလသို့ရောက်ရှိခဲ့ကြလေပြီ။ ယေဇကျေလ၏ အသက်တာတစ်ခုလုံးမှာဗာဗုန်လုန်စစ်သုံ့ပန်းအဖြစ်နေထိုင်ခဲ့ရပြီး၊အာဗြဟံ၏ လူတို့အတွက်ငြိမ်သက်ခြင်းနှင့်ကောင်းကြီးမင်္ဂလာများနှင့်ဆိုင်သောအလွန်အံ့ဩဖွယ်ရာကောင်းသောဗျာဒိတ်ရူပါရုံကိုရရှိခဲ့လေသည်။သူဟောကြားခဲ့သည်မှာ၊–

*"အကြောင်းမူကား၊သင်တို့ကို အတိုင်းတိုင်းအပြည်ပြည်တို့ကငါခေါ်ခဲ့၍စုဝေးစေပြီးလျှင်၊သင်တို့နေရင်းပြည်သို့ပို့ဆောင်မည်။ သင်တို့အပေါ်မှာသန့်ရှင်းသောရေကိုဖျန်းသဖြင့်၊သင်တို့ကိုခပ်သိမ်းသောအညစ်အကြေးမှစ၍ခပ်သိမ်းသောရုပ်တုတို့နှင့်ကင်းစင်စေမည်။" (ယေဇကျေလအနာဂတ္တိကျမ်း ၃၆း၂၄–၂၅*

ဆိုလိုရင်းမှာ၊ဘုရားသခင်သည်ထိုအမျိုးသားများကိုမကောင်းသောလုပ်ဆောင်မှုတို့မှခွင့်လွှတ်ခြင်းပင်ဖြစ်သည်။ ယေဇကျေလမှာယခင်အစောဆုံးပရောဖက်များကဲ့သို့ပင်ကြွရောက်လာတော့မည့်ဘုရင်မင်းမြတ်နှင့်ဣသရေလလူမျိုးတို့၏ ဘိုးဘေး၊ဘီဘင်များရရှိထားသောဂတိတော်များနှင့်ပတ်သက်၍ကျူးလျှေက်ရှိသည်မှာ၊–



ကဲ့သို့ဖြစ်ခဲ့လေသည်။ အလွန်လှပခန့်ညားထယ်ဝါသောဗိမာန်တော်မှာလည်းမီးရှို့ဖျက်ဆီးခြင်းကိုခံခဲ့ရပြီးနန်းတော်သည်လည်းဖျက်ဆီးခြင်းကိုခံခဲ့ရလေသည်။ တစ်ဆယ့်ကိုးယောက်မြောက်သောဘုရင်ဖြစ်လာသောဒါဝိတ်မင်း၏ ပလ္လင်တွင်စိုးစံခဲ့သောဇေဒကိမင်းသည်ရန်သူတို့၏ မျက်စိထိုးဖောက်ခြင်းကိုခံခဲ့ရပြီးလွှတ်လမ်းမရှိခဲ့သောမင်းဖြစ်ခဲ့လေသည်။

**() အာဗြဟံ၏အမျိုးအနွယ်များအတွက်ဂတိတော်မြေကိုပိုင်ဆိုင်ဖို့ရန်မည်သို့သောဂတိတော်များကိုအာဗြဟံမှရရှိခဲ့သနည်း?**

**() ဒါဝိတ်မင်းနှင့်ရှိခဲ့သောပဋိညာဉ်မှာသူ၏ရာဇပလ္လင်ကိုတစ်ဦးဦးမှအမြဲသိမ်းပိုက်လျက်ရှိနေမည်ဟူသည်မှာမည်သို့နည်း?**

**() ဘုရားသခင်ထားရှိတော်မူခဲ့သောဂတိတော်များကိုဘုရားသခင်သည်မေ့လျော့သွားခဲ့ပါသလား?**

**() အဆိုးဝါးဆုံးဖြစ်ခဲ့ရသည်မှာ၊ဗာဗုလုန်ပြည်ရှိမိစ္ဆာဒိဋ္ဌိဘုရားများထက်စစ်မှန်သောဘုရားသခင်၏တန်ခိုးတော်သည်ရော့နည်းလျက်ရှိသောကြောင့်ဖြစ်ပါသလား?**

လူတို့သည်ကွယ်ကာစောင်မမှုကိုအပြင်းအထန်လိုအပ်ခဲ့ကြသည်။ ထိုသို့သောအချိန်မျိုး၌ဣသရေလတို့၏ လင်းရောင်ခြည်ကိုကြည့်ရသည်မှာ၊မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသကဲ့သို့ဖြစ်နေပါသည်။ အံ့အားသင့်စွာဖြင့်ပရောဖက်တို့၏ နှုတ်ခမ်းဝမှကြီးမားသောဂတိတော်များထွက်ပေါ် လာခဲ့လေသည်။ထိုသူတို့ကံဆိုးမိုးမှောင်ကျခြင်းများသည်မတော်တဆမှုမျိုးမဟုတ်ကြောင်းကိုအလေးအနက်ပြောဆိုခဲ့ကြသည်။ ဤအရာမှာဘုရားသခင်၏ တရားစီရင်မှုပင်ဖြစ်သည်။ ထိုပြစ်ဒဏ် မှ

ရှောင်လွှဲ၍မရနိုင်ကြပါ။ သို့သော်၊ယခုနှင့်နောင်ကာလတွင်ထိုသူတို့အဖို့မျှော်လင့်ချက်ရှိနေပါသည်။ ထိုအမျိုးသားများသည်မသေဆုံးရကြပါ။ အကြောင်းမှာ၊ဘုရင်တစ်ဆူပေါ် လာတော်မူပြီး၊ဒါဝိတ်၏ ရာဇပလ္လင်ပေါ် တွင်စိုးစံပါအုံးမည်။ တစ်နေ့တွင်ဘုရားသခင်သည်ထိုသူတို့စွန့်လွှတ်ခဲ့ရသောထိုဒေသသို့ပြန်လည်ပို့ဆောင်ပေးမည့်စွမ်းအားကြီးမားသောအရှင်နှင့်အပြစ်ဖြေလွှတ်ပေးနိုင်သူ **“မေရှိယ”** အရှင်ကိုထိုသူတို့အတွက်စေလွှတ်ပေးတော်မူပြီး၊ထိုအရှင်သည်ထိုသူတို့ကိုထာဝရငြိမ်သက်ခြင်း၌အုပ်ချုပ်တော်မူပါလိမ့်။

## မေရှိယအရှင်အဖို့ပရောဖက်ဟေရှာယမှဗျာဒိတ်ဟောခြင်း၊

ဤကာလ၌ပြုလုပ်ခဲ့သောဘုရားသခင်၏ဂတိတော်များမှကောက်နှုတ်ချက်သုံးခုကိုဤနေရာတွင်ဖော်ပြပါမည်။ ထိုကောက်နှုတ်ချက်များကိုကွဲပြားသောပရောဖက်သုံးပါးမှရယူခဲ့ကြခြင်းဖြစ်သည်။

ပရောဖက်ဟေရှာယသည်၊နံရံပေါ် တွင်စာရေးသားခြင်းနောက်ဆုံးမတိုင်မှီအထိအသက်ရှင်နေထိုင်ခဲ့လေသည်။ သူ၏ အနာဂတ္တိကျမ်းကိုငိုကြွေးလျက်၊–

***“ဆိုးယုတ်သောအမျိုး၊ဒုစရိုက်ဝန်ကိုထမ်းရွက်သောလူစု၊..ထာဝရဘုရားကိုစွန့်ကြပြီ။ ဣသရေလအမျိုး၏သန့်ရှင်းသောဘုရားကိုမရိုမသေပြု၍ပယ်ကြပြီး။.....ခြေဘဝါးမှသည်ဦးခေါင်းတိုင်အောင်ကျန်းမာခြင်းမရှိ။”(ဟေရှာယအနာဂတ္တိကျမ်း ၁း၄–၆)***



***ခြင်းအမှု၌ငါသည်အားရဝမ်းမြောက်၍၊ငါ့စိတ်နှလုံးနှင့်နံဝိညာဉ်အကြွင်းမဲ့ပါလျက်၊သူတို့ကိုဤပြည်၌ဆက်ဆက်နေရာချမည်။” (ယေရမိအနာ ဂတ္တိကျမ်း ၃၂း၃၇၊၄၁)***

ဤပြန်လည်စုဆောင်းခြင်းဂတိတော်ကိုပရောဖက်ယေရမိမှအချိန်နှင့်အမျှထပ်မံ၍ထပ်ခါတလဲလဲပြောဆိုခဲ့လေသည်။ ထို့အပြင်ထိုသူတို့ထံမှခေါ် ဆောင်သွားသောထိုသူတို့၏ ဘုရင်ကိုမြင်တွေ့ခဲ့ကြရာတွင်ထိုသူတို့၏ ယုံကြည်ခြင်းစိတ်မှာအစိတ်စိတ်အမွှာမွှာကွဲကြေသွားခဲ့သည်ဆိုလျှင်ထို(ဘုရင်)၏ ရာဇပလ္လင်နှင့်ပတ်သက်၍ အထူးအာမခံချက်နှင့်ဂတိတော်ရှိကြောင်းဟောကြားခဲ့လေသည်။

***“ထိုကာလအခါသန့်ရှင်းသောအညွန့်ကိုဒါဝိဒ်အဘို့ငါပေါက်စေ၍၊သူသည်မြေကြီးပေါ် မှာတရားသဖြင့်ဖြောင့်မတ်စွာစီရင်လိမ့်မည်။......ထာဝရဘုရားမိန့်တော်မူသည်ကား၊ဣသရေလနန်းတော်ပေါ် မှာထိုင်ရသောဒါဝိဒ်မင်းရိုးမင်းစဉ်သည်အလျှင်းမပြတ်ရ။” (ယေရမိအနာဂတ္တိကျမ်း ၃၃း၁၅၊၁၇)***

***“တရားမျှတခြင်းနှင့်ဖြောင့်မတ်ခြင်း”***ဟုဆိုသောထိုစကားစုများ၏ ဖော်ပြချက်ပဲ့တင်သံမှာ၊ပရောဖက်ဟေရှာယခေတ်၊ထက်နှစ်ပေါင်း(၁၅၀)အစောဆုံးကာလမှကျွန်တော်တို့တွေ့ရှိခဲ့ရသည်။ ထိုပရောဖက်နှစ်ပါးစလုံးသည်ဒါဝိဒ်၏ မိသားစုဆွေစဉ်မျိုးဆက်မှပြောင်မြောက်သောသူတစ်ဦးပေါ် ထွက်လာပြီး၊သူ၏ ရာဇပလ္လင်ထာဝစဉ်ပိုင်ဆိုင်မည်ကိုပုံဖော်ထားပါသည်။ သာ၍သေချာခိုင်မာမှုရှိသည်မှာထိုသူတို့သည်တိုင်းတပါး၌ပြန့်ကြဲနေကြရသော်လည်းအာဗြဟံ၏ ဂတိတော်မြေအားရရှိ

***“နောင်ကာလအခါ ဣသရေလအမျိုးသားတို့၌ငါပေးအံ့သောပဋိညာဉ်တရားဟူမူကား၊ငါထာဝရဘုရားသည်ငါ၏ပညတ်တရားကိုသူတို့အတွင်းထဲသို့သွင်းမည်။ သူတို့နှလုံးပေါ်မှာရေးထားမည်။ ငါသည်သူတို့၏ဘုရားဖြစ်မည်။ သူတို့သည်လည်းငါ၏လူဖြစ်ကြလိမ့်မည်။” (ယေရမိအနာဂတ္တိကျမ်း ၃၁း၃၃–၃၄)***

ကျောက်ပြားပေါ် တွင်ကျန်ရစ်နေသောဘုရားသခင်၏ပညတ်တော်ဆယ်ပါးအစားထိုပဋိညာဉ်သစ်ကိုသူတို့စိတ်နှလုံးအတွင်း၌ရေးသားထားပြီးဖြစ်လေသည်။

***“. . . . ထိုသူအပေါင်းတို့သည်ငါ့ကိုသိကြလိမ့်မည်။ ထိုအခါငါသည်သူတို့အပြစ်များကိုသိမ်းခံမည်။ သူတို့ပြုသောဒုစရိုက်များကိုမအောက်မေ့ဘဲနေမည်ဟုထာဝရဘုရားမိန့်တော်မူ၏။” (ယေရမိအနာဂတ္တိကျမ်း ၃၁း၃၄)***

ဗာဗုလုန်မြို့တွင်အဖမ်းခံရခြင်းကိုယေရမိအနာဂတ္တိ ကျမ်းကိုဖတ်ရှုသူများမှအလွန်ထူးဆန်းသည်ဟုထင်မြင်မိကြလျှင်အောက်ပါကျမ်းချက်ဖြင့်အားရဝမ်းသာစေရန်ယေရမိကရှင်းပြနိုင်ပါလိမ့်မည်။

***“ထာဝရဘုရားမိန့်တော်မူသည်ကား၊ငါသည်အမျက်ဟုန်းဟုန်းထွက်၍၊အမျက်အရှိန်အားကြီးသည်နှင့်သူတို့ကိုနှင်ထုတ်ရာတိုင်းပြည်ရှိသမျှတို့မှ၊တဖန်စုသိမ်း၍ဤအရပ်သို့ဆောင်ခဲ့ပြီးလျှင်၊ငြိမ်ဝပ်စွာနေစေမည်။...သူတို့အားကျေးဇူးပြု***



ဟုရေးသားထားပါသည်။ ဘုရားသခင်၏လွှတ်ခြင်းအခွင့်အဖို့ကြွရောက်တော်မူခြင်းအရာ၌ဘုရားသခင်ကိုချီးမွမ်းခြင်းနှင့်ကျေးဇူးတော်ချီးမွမ်းခြင်းတို့နှင့်အတူသူ၏ အနာဂတ္တိကျမ်းစာအုပ်တစ်အုပ်လုံးကိုရေးသားထားခြင်းဖြစ်သည်။

***“အိုယေရုရှလင်မြို့၊ကိုယ်၌ကပ်သောမြေမှုန့်ကိုခါလိုက်၍၊. . . ယေရုရှလင်မြို့၌ပြိုပျက်ရာအရပ်တို့၊တညီတညွတ်တည်းသီချင်းဆိုသံနှင့်ကြွေးကြော်ကြလော့။ ထာဝရဘုရားသည်မိမိလူတို့ကိုနှစ်သိမ့်စေတော်မူပြီ။ ယေရုရှလင်မြို့ကိုရွေးနှုတ်တော်မူပြီ။ (ဟေရှာယာအနာဂတ္တိကျမ်း ၅၂း၂ နှင့် ၉)***

မီးနှင့်ရင်း၊မြေလျှင်လှုပ်ခြင်း၌ရင်း၊ထိုသူများကိုကယ်ဆယ်မစဖို့ရန်ဘုရားသခင်သည်ကိုယ်ထင်ရှားပြချိန်တွင်လက်စားချေလိုသောလူမျိုးတို့ကထိုသူများကိုခြေဖြင့်နင်းသွားခဲ့ကြသည်ကိုလည်းသူမြင်တွေ့ခဲ့လေသည်။

***“စစ်တိုက်သောသူရဲ၏ခြေစွပ်နှင့် အသွေးလူးသောအဝတ်တန်ဆာရှိသမျှတို့သည်မီးရှို့ဘို့မီးစာဖြစ်ရကြရလိမ့်မည်။ အကြောင်းမူကား၊ငါတို့အဘို့သူငယ်ကိုဘွားမြင်၏။ ငါတို့အားသားကိုသနားတော်မူ၏။ ထိုသူသည်အုပ်စိုးခြင်းအာဏာစက်ရှိလိမ့်မည်။ နာမတော်မူကား၊အံ့ဩဘွယ်၊တိုင်ပင်ဘက်၊တန်ခိုးကြီးသောဘုရားသခင်၊ထာဝရအဘ၊ငြိမ်သက်ခြင်းအရှင်ဟုခေါ် ဝေါ် သမုတ်ခြင်းကိုခံတော်မူလိမ့်မည်။ ဒါဝိဒ်မင်းရာဇပလ္လင်ပေါ်မှာထိုင်၍၊နိုင်ငံတော်ကိုနောင်ကာလအစဉ်မပြတ်၊***

***တရားတော်အတိုင်းဖြောင့်မတ်စွာစီရင်၍အမြဲတည်စေတော်မူမည်အကြောင်း၊အာဏာတော်တိုးတက်ခြင်းနှင့်ငြိမ်သက်တော်မူခြင်းသည်နိစ္စအမြဲရှိလိမ့်မည်။" (ဟေရှာယအနာဂတ္တိကျမ်း ၉း၅–၇)***

နောက်ဆုံးသူသရုပ်ဖော်ရာတွင်ယေရုရှလင်မြို့မှဘုရားသခင်၏ပညတ်တော်များထွက်ပေါ် လာခြင်းနှင့်တစ်လောကလုံးတွင်နေထိုင်ကြသောလူအပေါင်းတို့မှာငြိမ်းချမ်းစွာနေထိုင်ကြရပြီး၊ဒါဝိဒ်မင်းမှာတစ်လောကလုံးနှင့်ဆိုင်သောအင်ပါယာတွင်သဘာပတိဖြစ်ခြင်းကိုဖော်ပြခြင်းဖြစ်ပါသည်။ ပရောဖက်ဟေရှာယမှ ***"နောက်ဆုံးသောကာလ၌"*** ဟူ၍အစပြုထားသည်မှာ၊

***"တရားတော်သည်ဇိအုန်တောင်မှ ၎င်း၊ထာဝရဘုရား၏နှုတ်ကပတ်တော်သည်ယေရုရှလင်မြို့မှ ၎င်း၊ပေါ်ထွက်လိမ့်မည်။ ထာဝရဘုရားသည်လူမျိုးတို့တွင်တရားစီရင်၍၊များပြားသောလူတို့ကိုဆုံးမတော်မူသဖြင့်၊သူတို့ထားလက်နက်များကိုထွန်သွားဖြစ်စေခြင်းငှါ ၎င်း၊လှံများကိုတံစဉ်ဖြစ်စေခြင်းငှါ ၎င်း၊ထုလုပ်ကြလိမ့်မည်။ တပြည်ကိုတပြည်စစ်မတိုက်၊စစ်အတတ်ကိုလည်းနောက်တဖန်မသင်ရကြ။" (ဟေရှာယအနာဂတ္တိကျမ်း ၂း၃–၄)***

ဤဗျာဒိတ်တော်စကားကိုကြည့်ရသည်မှာ၊ယေရုရှလင်မြို့ကျဆုံးသည့်အချိန်တွင်နေထိုင်ကြသောဂျူးလူမျိုးများအတွက်ဖြစ်နိုင်ချေမရှိပါ။ မျိုးဆက်ထောင်ချီကြာမြင့်သည့်တိုင်အောင်စကားတော်တည်



သောဘုရားသခင်သည်ယခုတိုင်အောင်သူတို့ကိုဂတိတော်ပြုလျှက်ရှိနေပါသည်။

**ယေရမိနှင့်ပဋိညာဉ်သစ်၊**

ကျွန်တော်တို့၏ဒုတိယမြောက်ပရောဖက်သည်တပ်များဖြင့်ဝိုင်းရံပိတ်ဆို့ခံထားရသောယေရုရှလင်မြို့တွင်ပင်အမှန်တကယ်နေထိုင်ခဲ့လေသည်။ မွှေနှောက်ရှာဖွေခံရပြီးလုယက်ယူငင်ခံရသောမြို့နှင့်ထိုမြို့ရှိလူများကိုအဝေးသို့ဖမ်းဆီးခေါ် ဆောင်သွားခြင်းများကိုသူသည်မြင်တွေ့ခဲ့လေသည်။ သို့သော်၊ဘုရားသခင်သည်သူ၏လူများ၏ အနာဂတ်နှင့်ပတ်သက်ပြီး၊ဓမ္မဟောင်းကျမ်းစာတော်၌အချို့သောရှင်းလင်းပြတ်သားသောဗျာဒိတ်များကိုယေရမိနှင့်ပြုလုပ်ထားရှိတော်မူလေသည်။

***"ထာဝရဘုရားမိန့်တော်မူသည်ကား၊ငါသည်ဣလူမျိုး၏ဘိုးဘေးတို့ကိုလက်ဆွဲ၍အဲဂုတ္တုပြည်မှဆောင်သွားသောအခါ၊သူတို့၌ငါပေးသောပဋိညာဉ်တရားနှင့်ခြားနားသောပဋိညာဉ်တရားသစ်ကိုဣသရေလအမျိုးသား၊ယုဒအမျိုးသားတို့၌ငါပေးသောအချိန်ကာလရောက်လိမ့်မည်။ အရင်ငါပေးဘူးသောပဋိညာဉ်တရားကိုသူတို့သည်ဖျက်၍၊ငါသည်လည်းသူတို့ကိုရှုံ့ရှာ၏။" (ယေရမိအနာဂတ္တိကျမ်း ၃၁း၃၁–၃၂)***

ဘုရားသခင်သည်ပဋိညာဉ်တရားဟောင်းကိုသိနတောင်ပေါ်တွင်တစ်ကြိမ်ပြုလုပ်တော်မူခဲ့ပြီး၊ထိုပဋိညာဉ်စည်းကမ်းချက်ပါသောဂတိတော်နယ်မြေကိုထိုသူတို့ကိုပေးဖို့ရန်အတွက်ပြုလုပ်သောပဋိညာဉ်ဖြစ်ပါသည်။ ပဋိညာဉ်သစ်မှာ၊ပဋိညာဉ်ဟောင်းတွင်အစားထိုးဖို့ရန်ဖြစ်လေသည်။